မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ အင်္ဂါနေ့။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၈/၂၀၁၃)
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် နေ့စွဲပါ အမိန့်အမှတ်(၁၅/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့သော **“ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ”** တွင် အဖွဲ့ဝင် ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရကီနိုင်ငံတည်ထောင်သည့်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာဂူးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ယာဉ်ကြောကျပ်မှုသက်သာစေရန် ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတား ဒုတိယအလွှာမကြာမီဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင် လမ်းဆုံ ခုံးကျော်တံတားစီမံကိန်း၏ ဒုတိယအလွှာတံတားဖြစ်သော ပေ အရှည် ၁၄၂၇ ပေ သုံးလက်မ၊ အကျယ် ၅၇ ပေ ခံနိုင်ဝန်တန် ၇၅ တန်ရှိ ဘုရင့်နောင် လမ်းမကြီးကို အောက်တိုဘာ ၃၁ ရက် နံနက်တွင် စတင်အသုံးပြု ဖြတ်သန်း မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်လမ်းဆုံခုံးကျော်တံတား သုံးလွှာစလုံး ယခုနှစ် ဒီဇင်ဘာလကုန် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်သော်လည်း ယခုဒုတိယအလွှာကို ဆောလျင် စွာဖွင့်လှစ်ရခြင်းမှာ ဘုရင့်နောင်လမ်းဆုံ ယာဉ်ကြောကျပ်တည်းမှုကို သက်သာစေရန် ရည်ရွယ်ကြောင်း သိရှိရသည်။

ကျန်ရှိတံတားအလွှာများကိုလည်း သတ်မှတ်ရက်ထက် စောစီးစွာဖွင့် သွားနိုင်ရေး နေ့ညမပြတ် အင်အားအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

မကြာမီဖွင့်လှစ်မည့် တံတားခံနိုင်ဝန် ၇၅တန်ရှိ ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားစီမံကိန်း၏ ဒုတိယအလွှာ တံတားအစိတ်အပိုင်းကို တွေ့မြင်ရစဉ်။

ငပလီကမ်းခြေဒေသအား ပြီးပြည့်စုံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဇုန် ပြုလုပ်မည်

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၈

မြန်မာ့မြေက သဘာဝအလှအပ စုံလင်သည်။ လှပသောတောင်တန်း၊ သာယာသောကမ်းခြေ၊ အေးမြသော ရေတံခွန်၊ စိမ့်စမ်းရေနှင့်သဘာဝရေကန်များက အစုံအလင်။ ရှားပါးမျိုးစိတ်များလည်း ပေါကြွယ်သည်ဖြစ်ရာ မြန်မာ့အလှတရားကို မြင်တွေ့ခံစားလိုမည့် နိုင်ငံခြားခရီးသွားများက နှစ်စဉ်တိုးတက်များပြားကာ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်၌ စိတ်ဝင်စားစရာကောင်းသည့် ခရီးစဉ်တစ်ခု ဖြစ်လာသည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် အပန်းဖြေစရာအကောင်းဆုံး နေရာများစွာရှိသည့်အနက် ငပလီကမ်းခြေက ထိပ်ဆုံးနေရာတွင် ရှိနေသည်။ ဖြူလွှသောသဲ၊ ပြာလဲ့သော ရေပြင်၊ စိမ်းစိုနေသော အုန်းပင်များနှင့် နွေးထွေးသော နေခြည်တို့ပေါင်းစည်းလိုက်သည့်အခါ ပင်ပန်းသမျှ

စာမျက်နှာ ၈ ကော်လံ ၁ ▲

မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄၀ စင်တီမီတာ(၁ ဒသမ ၃ပေခန့်) တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စွေသောမိုး

တစ်ခါတစ်ရံ မိုးသည် နေသာချိန်မျှပင်မပေးတော့ဘဲ အဆက်မပြတ်ရွာသွန်းနေတတ်ပါသည်။ ဤသို့ရွာခြင်းကို မိုးစွေသည်ဟု ခေါ်ကြပါသည်။ စွေမိုးသည် နှစ်ရက် သုံးရက်မှသည် တစ်ခါတလေ တစ်ပတ်နီးပါး တအိအိ တဖျောက်ဖျောက် ရွာနေတတ်ပါသည်။

ဤသို့ မိုးသည် အဆက်မပြတ်ရွာနေ၍ လူတို့အနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင်လည်းကောင်း၊ လုပ်ငန်းစီးပွားရေး ရှာဖွေရာတွင်လည်းကောင်း၊ ခရီးရှည်၊ ခရီးတိုသွားလာရာတွင်လည်းကောင်း အနှောင့်အယှက်ဖြစ်ရပါသည်။ လူတို့စီစဉ်ထားသော ပွဲလမ်းသဘင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ မိုးကြောင့် အဟန့်အတား ဖြစ်ရပါသည်။ စိတ်ညစ်စရာဖြစ်ရပါသည်။

သို့သော် ထိုစွေသောမိုးသည် မိုးဥတုတစ်လျှောက်လုံး နှစ်ကြိမ်၊ သုံးကြိမ်မျှသာ ရွာခြင်းဖြစ်ပါသည်။ ရံဖန်ရံခါ ရွာခြင်းဖြစ်ပါသည်။ ဤသို့ စွေမိုးရွာသွန်းလိုက်သဖြင့် မပြည့်သေးသော ဆည်တာတမံများ၊ ရေကန်ကြီး ရေကန်ငယ်များ ပြည့်လျှံသွားပြီး လောကဓာတ်တစ်ခွင်လုံး အေးမြသွားစေပါသည်။ သစ်ပင်ပန်းမန်များ အအေးဓာတ်ကြောင့် စိမ်းစိုလျက် ပန်းပေါင်းစုံတို့ ဖူးပွင့်ကြကုန်ပါသည်။ တစ်နှစ်ပတ်လုံး လိုအပ်သည့် သောက်ရေ သုံးရေများ ပြည့်စုံသွားသည်သာမက မြေအစိုဓာတ်ကိုလည်း ရေရှည်ထိန်းထားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဤစွေသောမိုးသည် အဆိုးရှိသလို အကောင်းလည်းရှိပါသည်။

ကျွန်ုပ်တို့ လူ့လောကသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ အရာရာသည် အမြဲတစေ အဆင်ပြေချောမွေ့မနေတတ်ပါ။ အခက်အခဲအကျပ်အတည်းလေးများ တွေ့ရ၊ ကြုံရတတ်ပါသည်။ အခက်အခဲ အကျပ်အတည်းဟူသည် နောင်ဖြစ်ပေါ်လာမည့် ပြဿနာများကို ကျော်လွှားနိုင်ရန် အတွေ့အကြုံ သင်ခန်းစာများကို ရရှိစေပါသည်။ အခက်အခဲအကျပ်အတည်းတွေ့တိုင်း အနာဂတ်ကို ကောင်းစွာ ဖန်တီးနိုင်ရန် အတွေ့အကြုံ တစ်ခုပြီးတစ်ခု တိုးလာခြင်း ဖြစ်ပါသည်။

လူတို့၏ သဘောအရ သာယာမှုအပေါ်၌သာ မွေ့လျော်နေတတ်ကြပါသည်။ အခက်အခဲအကျပ်အတည်းနှင့် ဒုက္ခလေးများ ကြုံရသည့်အခါ စိတ်ပျက်အားလျော့ ညည်းညူတတ်ကြပါသည်။ တွေ့ကြုံလာသမျှ အခက်အခဲပြဿနာများ ကောင်းစွာဖြေရှင်းတတ်ရန်သာလိုပါသည်။ ကောင်းစွာဖြေရှင်းလုပ်ကိုင်ခြင်းဖြင့် အတွေ့အကြုံသည် တဖြည်းဖြည်းရင့်ကျက်လာပြီး အခက်အခဲပေါင်းများစွာကို ကျော်လွှားနိုင်သူအဖြစ်သို့ ရောက်ရှိလာကာ အနာဂတ်ကို ကောင်းစွာ စီမံဖန်တီးနိုင်သူအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။

ထို့ကြောင့် ဤစွေသောမိုးသည် လူတို့အတွက် အနှောင့်အယှက်ဖြစ်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ် ကောက်ပဲသီးနှံ ဆန်ရေစပါးပေါကြွယ်ဝရေး လိုအပ်သောရေကို ဤမိုးမှ ရနိုင်သကဲ့သို့ အခက်အခဲ အကျပ်အတည်းများမှတစ်ဆင့် အတွေ့အကြုံကောင်းများရရှိကာ အနာဂတ်ကို ကောင်းစွာဖန်တီးတတ်သော အလေ့အကျင့်ကောင်းများ ရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော်　အောက်တိုဘာ　၂၈

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောဟူသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင်မယ်တော်မာယာ ဖွားတော်မူဟန်နှင့်ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန် ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

တောင်ကြီး　အောက်တိုဘာ ၂၈

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန် ဒေသခံ မြို့နယ်ကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များနှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ဟိုပုံးမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြည်သူလူထု၏ လိုအပ်ချက်များကို အခြေခံထား၍ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုပါဝင်မှုသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများရွေးချယ်ဖလှယ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများနှင့် ဌာနဆိုင်ရာများက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြား သွားသည်။

(ပြည်နယ် ပြန်/ဆက်)

အမှိုက်ပုံးလျှံမထွက်စေဖို့ နေ့စဉ်သယ်ယူပေးစေလို

ထင်သာမြင်သာ ပြုပြင်စရာ

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း မန္တလေးလမ်း ရေမြောင်းကြီးပေါ်တွင် လမ်းသွားလမ်းလာများ လွယ်လင့်တကူစွန့်ပစ်နိုင်ရန် ဘီးတပ်ရွှေ့လျားအမှိုက်ပုံး တစ်ပုံးထားရှိပေးထားသည်။

အဆိုပါ အမှိုက်ပုံးတွင် စွန့်ပစ်လှည်းများဖြင့်သာ ကုန်စင်အောင် မသယ်ယူဘဲ အပေါ်ယံကြောအနည်းငယ်သာ သယ်ယူသွားကြသည်။ ကျန်သောအမှိုက်များက ရက်ကြာသဖြင့်အပုပ်နံ့ဆိုးများ ထွက်ပေါ်လာတော့သည်။ နောက်ထပ် စွန့်ပစ်လာသောအမှိုက်များဖြင့် ပြည့်လျှံကာ ပြင်ပ

အမှိုက်များကို ယခင်က အမှိုက်ကားဖြင့် တစ်နေ့အမှိုက် တစ်နေ့သိမ်း၊ အကုန်အစင် သယ်ယူပေးခဲ့သဖြင့် အမှိုက်ပုံးတွင် လက်ကျန်မရှိဘဲ အဆင်ပြေခဲ့သည်။ ယခုတော့ အမှိုက်သိမ်းကားဖြင့် လာရောက်သိမ်းဆည်းခြင်းမပြုတော့ပါ။ လက်တွန်းအမှိုက်တွင် ပုံချထားသည်ကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပုံပါအတိုင်း တွေ့ရသည်။ **(အပေါ်ပုံ)**

ညနေဘက် ဈေးထွက်ရောင်းသည့်ငါးသည်များအပါအဝင် လမ်းဘေးဈေးသည်များ၏ အမှိုက်ပေါင်းစုံကိုလည်း ဤတစ်ခုတည်းသော အမှိုက်ပုံးတွင် လာရောက်စွန့်ပစ်ကြသည်။ အမှိုက်ပုံးပြည့်လျှံနေပါက လွယ်လင့်တကူပင် မန္တလေးလမ်း ရေမြောင်းကြီးအတွင်း စွန့်ပစ်သွားကြသည်ကိုလည်း နေ့စဉ်မြင်တွေ့နေရသည်။ အမှိုက်လာရောက်စွန့်ပစ်သူများကလည်း မီးဖိုချောင်သုံး အမှိုက်မဟုတ်တော့ဘဲ ပုံတွင်တွေ့ရသည့်အတိုင်း မီးချောင်း၊ ကားတာယာ၊ မြေအိုးကွဲများပါ စည်းကမ်းမဲ့ စွန့်ပစ်နေကြသည်။ အဆိုပါနေရာတွင် ညနေဘက် ဈေးရောင်းသူကလည်း ပြည့်လျှံအမှိုက်များကို ရေမြောင်းထဲပစ်ချကာ ဈေးရောင်းနေရာယူတော့သည်။ သို့အတွက် အမှိုက်ပုံးကို တစ်လုံးမကထားပေးပြီး နေ့စဉ်ပုံးတွင်းအမှိုက်များ အကုန်အစင် သယ်ယူပေးစေလိုကြောင်း ထင်သာမြင်သာ ပြုပြင်စရာအဖြစ် ရေးသား တင်ပြလိုက်ပါသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၂၉-ကြိမ်မြောက် အလင်းဒါနအလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ

KBZ Bank (Account No.00730200701690301)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း National Endowment for Democracy (NED) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော်   အောက်တိုဘာ   ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် National Endowment for Democracy (NED) ဥက္ကဋ္ဌ Mr.Carl Gershman နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဝါရှင်တန်ဒီစီအခြေစိုက် National Endowment for Democracy (NED) ဥက္ကဋ္ဌ Mr.Carl Gershman နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဗြိတိန်နိုင်ငံသည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၈

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အား ဗြိတိန်နိုင်ငံ ALLEN & OVERY worldwide Senior Partner, သို့မဟုတ် Executive Chairman David Morley ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တူရကီနိုင်ငံတည်ထောင်သည့်နေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ တည်ထောင်သည့်နေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက် ဒါဘူတိုဂလူးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ယု လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတထံခန့်အပ်လွှာ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၉

လတ်ဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ရီဂါမြို့၌ လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်ဒရစ်စ် ဘယ်လ်ဇင့်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားငွေလက်မှတ်(Foreign Exchange Certificate-FEC)များ ပြန်လည်အပ်နှံလဲလှယ်ကြပါရန် နှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများ လက်ဝယ်ထားရှိပိုင်ဆိုင်သော နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနုတ်ယူခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကနဦး သတ်မှတ်ကာလဖြစ်သည့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိကာလ၌ နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူများ၏ ဆန္ဒနှင့်အညီ အပ်နှံလဲလှယ်နိုင်သည့် အောက်ပါအစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်-

(က) နိုင်ငံခြားငွေလက်မှတ်လဲလှယ်သူ စာရင်းဖွင့်လှစ်ထားသောဘဏ်ရှိ အမေရိကန်ဒေါ်လာငွေစာရင်းသို့ ထည့်သွင်းပေးခြင်း သို့မဟုတ် အမေရိကန်ဒေါ်လာဖြင့် ငွေသားထုတ်ပေးခြင်း၊

(ခ) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူအမည်ဖြင့် ဘဏ်တွင် သက်ဆိုင်ရာနိုင်ငံခြားငွေစာရင်းအသစ်ဖွင့်လှစ်ထည့်သွင်းခြင်း၊

(ဂ) ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို အခြေခံသောငွေလဲကောင်တာများ၏ နိုင်ငံခြားငွေဝယ်ဈေးနှုန်းဖြင့် ပြောင်းလဲတွက်ချက်ရရှိသော ကျပ်ငွေကို နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ ဖွင့်လှစ်ထားသည့် ကျပ်ငွေစာရင်းသို့ထည့်သွင်းခြင်း၊

(ဃ) နိုင်ငံခြားငွေလက်မှတ်လဲလှယ်သူအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ကျပ်ငွေစာရင်းအသစ်ဖွင့်လှစ်ထည့်သွင်းခြင်း သို့မဟုတ် ကျပ်ငွေဖြင့် ငွေသားထုတ်ပေးခြင်း၊

၂။ နိုင်ငံခြား ငွေလက်မှတ်များကို ကနဦးသတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပ်နှံလဲလှယ်နိုင်ခြင်းမရှိသူများသည် ကနဦးကာလအတွင်း မဆောင်ရွက်နိုင်ခြင်းအတွက် ခိုင်လုံသောအကြောင်းပြရေးသားဖော်ပြချက်တင်ပြလျက် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် အပ်နှံလဲလှယ်နိုင်ကြောင်း အသိပေးကြေညာပြီးဖြစ်ပါသည်။

၃။ နိုင်ငံခြားငွေများရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေလက်မှတ်အပ်နှံလဲလှယ်ခြင်းကို အထက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီး ယင်းသတ်မှတ်ကာလဖြစ်သည့် ၃၁-၃-၂၀၁၄ ရက်နေ့ ကျော်လွန်ပါက နိုင်ငံခြားငွေလက်မှတ်အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးနိုင်တော့မည်မဟုတ်သဖြင့် နိုင်ငံခြားငွေလက်မှတ် လက်ဝယ်ထားရှိပိုင်ဆိုင်ကြသူများအနေဖြင့် အချိန်မီ အပ်နှံလဲလှယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော်   အောက်တိုဘာ   ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖက်ဒရယ်ပြည်ထောင်စုပါတီ(Federal Union Party)အား နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးစောသန်းမြင့်ပါ ၁၆ ဦးတို့က လျှောက်ထားသည့် တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော်   အောက်တိုဘာ   ၂၈

အောက်တိုဘာ ၂၈ ရက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ အောက်တိုဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင် စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	အမ်း	၂၅၁	၉. ၈၈	၁၈၂	၇. ၁၆	၂၃-၁၀-၂၀၁၀	၁၂
၂။	သာယာဝတီ	၁၅၂	၅. ၉၉	၁၁၄	၄. ၄၉	၁၈-၁၀-၁၉၈၁	၆၁
၃။	ဝ	၁၅၀	၅. ၉၁	၁၁၈	၄. ၆၅	၇-၁၀-၂၀၀၇	၃၂
၄။	ဇလွန်	၁၄၀	၅. ၅၁	၆၇	၂. ၆၄	၂၇-၁၀-၂၀၀၀	၂၅
၅။	ပင်လောင်း	၁၀၁	၃. ၉၈	၉၆	၃. ၇၈	၂၆-၁၀-၂၀၀၈	၄၇

နိုင်ငံတကာသတင်း

တီယာမင်ရင်ပြင်၌ ကားက လူအုပ်ကိုတိုက်

ပေကျင်း အောက်တိုဘာ ၂၈

တရုတ်နိုင်ငံ ပေကျင်းမြို့ တီယာမင်ရင်ပြင်၌ လူအုပ်အတွင်း ဝင်ရောက် ကားတိုက်မှု တစ်ရပ်ဖြစ်ပွားပြီး မီးလောင်ခဲ့သဖြင့် သုံးဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

၎င်းယာဉ်တိုက်မှု ဖြစ်စဉ်သည် အကြမ်းဖက်တိုက်ခိုက်မှုဟုတ် မဟုတ် တိကျစွာ မပြောနိုင်သေးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဟွာချွင်းရင်းက ပြောသည်။

ယင်းကားအတွင်းမှ သုံးဦးသေဆုံးခဲ့ကြောင်း၊ ခရီးသွားနှင့် ရဲအရာရှိ ၁၁ ဦး ဒဏ်ရာရပြီး ဆေးရုံတင်ပို့လိုက်ရကြောင်း ဆင်ဟွာက ဖော်ပြသည်။ *(ဆင်ဟွာ)*

. . . .

အာဖဂန်တွင် မင်္ဂလာဆောင်မှအပြန် လမ်းဘေးဗုံးကွဲ ၁၈ ဦးသေဆုံး

ကဘူးလ် အောက်တိုဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ဂါလာနီပြည်နယ်တွင် အောက်တိုဘာ ၂၈ရက် ညနေက လမ်းဘေးဗုံးပေါက်ကွဲ၍ အရပ်သား ၁၈ ဦး သေဆုံးကြောင်း၊ ငါးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်လက်ထောက်အုပ်ချုပ်ရေးမှူး အလီအာမက်ဒီက ဆင်ဟွာသို့ ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီး ၁၄ ဦးရှိပြီး ကလေးတစ်ဦးနှင့် အမျိုးသားသုံးဦးတို့ ဖြစ်ကြသည်။ ဒဏ်ရာရသူများမှာ အမျိုးသမီးငါးဦးဖြစ်ကာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း၊ ဗုံးထိမှန်ခဲ့ကြသူများသည် မိသားစုတစ်စုတည်းမှ ဖြစ်ကြပြီး လက်ထပ်မင်္ဂလာပွဲတစ်ခုမှ အပြန်ခရီးတွင် ယင်းဘေးအန္တရာယ်ဆိုးကြုံရခြင်းဖြစ်သည်။

(ဆင်ဟွာ)

ဂျော်ဂျီယာသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ်၏ မိတ်ဆွေအနိုင်ရ

ဂျော်ဂျီယာ အောက်တိုဘာ ၂၈

ဂျော်ဂျီယာသမ္မတရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်၏မဟာမိတ်တစ်ဦး အနိုင်ရရှိသွားခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင် ရလဒ်အစိတ်အပိုင်းတစ်ရပ်အရ သိရကြောင်း အောက်တိုဘာ ၂၈ ရက်တွင် ဘီဘီစီက ဖော်ပြသည်။

မဲရုံစာရင်းရေတွက်ပြီး ၁၂ ရာခိုင်နှုန်းအရ ဂျော်ဂျီမက်ဗီလက်ချ်ဗီလီသည် ၆၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားပြီး ၎င်း၏အနီးကပ် ပြိုင်ဘက် ဒေးဗစ်ဘားခရက်ဇေက ၂၁ ရာခိုင်နှုန်းရရှိထားသည်။

မစ္စတာ ဘားခရက်ဇေက သူရှုံးကြောင်းဝန်ခံလိုက်ပြီး အနိုင်ရသူ မစ္စတာ မက်ဗီလက်ချ်ဗီလီအား အနိုင်ရမှုအတွက် ချီးကျူးထောမနာပြုလိုက်သည်။ အဆိုပါရွေးကောက်ပွဲသည် အနောက်အုပ်စုက လိုလားသော သမ္မတ မီခေးလ်ဆားကက်ရှ်ဗီလီ၏ ဆယ်စုနှစ်ကြာ အာဏာစိုးမိုးထားမှုကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

မစ္စတာမက်ဗီလက်ချ်ဗီလီ(ဝဲ)နှင့် လက်ရှိ ဝန်ကြီးချုပ်တို့အား တွေ့ရစဉ်။

သက်တမ်းနှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သော သမ္မတမီခေးလ်က အများစု၏ဆန္ဒကို လေးစားတန်ဖိုးထားပါကြောင်း ဆန္ဒမဲပေးသူများအား ပြောကြားလိုက်သည်။

မစ္စတာမက်ဗီလက်ချ်ဗီလီသည် ဝန်ကြီးချုပ်ဘစ်ဇီနာအီဗန်နစ်ချ်ဗီလီ၏ မိတ်ဆွေဖြစ်ပြီးရွေးကောက်ပွဲတွင် ဒုတိယအကျော့ပြိုင်စရာမလိုဘဲ ဆန္ဒမဲတစ်ဝက်ကျော်ဖြင့် အနိုင်ရဖွယ်ရှိသည်။ လက်ရှိဝန်ကြီးချုပ်နှင့်သမ္မတတို့သည် ခါးသီးသောနိုင်ငံရေးပြိုင်ဘက်များဖြစ်ကြသည်။

ယခုသမ္မတရွေးကောက်ပွဲ အနိုင်ရသူ မက်ဗီလက်ချ်ဗီလီသည် ယမန်နှစ်က ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရထားသော မစ္စတာအီဗန်နစ်ချ်ဗီလီ၏ ဂျော်ဂျီယာအိပ်မက်ပါတီဝင်ဖြစ်သည်။ လက်ရှိဝန်ကြီးချုပ်အီဗန်နစ်ချ်ဗီလီသည် ၎င်း၏ရည်ရွယ်ချက်အောင်မြင်ခဲ့ပြီဖြစ်၍ မကြာမီ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပေးတော့မည်ဟု ဆိုသည်။

(ဘီဘီစီ)

ဆီးရီးယားဒုက္ခသည်ရှစ်သိန်းကျော်အတွက် လက်ဘနွန်က အကူအညီများတောင်းဆို

ဘေရွတ် အောက်တိုဘာ ၂၈

ပြည်တွင်းစစ်ဖြစ်ပွားမှုအတွင်း ထွက်ပြေးခိုလှုံလာသော ဆီးရီးယားဒုက္ခသည်များသည် အိမ်နီးချင်း လက်ဘနွန်နိုင်ငံ၌ရှစ်သိန်းကျော်ရှိ နေပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည် ကယ်ဆယ်ရေးအေဂျင်စီ၏နောက်ဆုံး ထုတ်ပြန်ခဲ့သော သတင်းအရ သိရသည်။

ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားချက်အရ လက်ဘနွန်ရောက် ဆီးရီးယား ဒုက္ခသည် ၇၁၃၀၀၀ ကျော်တို့ကို မှတ်ပုံတင်စာရင်းတင်သွင်းထားပြီး ၈၇၀၀၀ ကျော်တို့မှာ စာရင်းတင်သွင်းရန် စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရသည်။ ဆီးရီးယားပြည်ပြေးဒုက္ခသည်များသည် နယ်စပ်ဖြတ်ကျော်ကာ လက်ဘနွန်သို့ ထွက်ပြေးတိမ်းရှောင်လာကြခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လကတည်းက စတင်ကာ လက်ဘနွန် ဆီးရီးယားပြည်ပြေးဒုက္ခသည်များမှ ကလေးငယ် ၈၀၀၀ ကျော် မွေးဖွားထားသည်။ အများစုမှာ သက်သေခံကတ်ရရှိရန် မလွယ်ကူသော အနေအထားဖြစ်သည်။

လက်ဘနွန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည်များ အစုအပြုံလိုက်လက်ခံထားရသဖြင့် ၎င်းဒုက္ခသည်များနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများသို့ အကူအညီများ ပေးကြပါရန် အကြိမ်ကြိမ်တောင်းဆိုထားသည်။ **(ဆင်ဟွာ)**

အမေရိကန်အမျိုးသား လုံခြုံရေးအေဂျင်စီ စပိန်ဖုန်းခေါ်ဆိုမှု သန်း၆၀ကို ကြားဖြတ်ဖမ်းယူခဲ့ဟုဆို

မက်ဒရစ် အောက်တိုဘာ ၂၈

အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ(အင်န်အက်စ်အေ)က တစ်လအတွင်းစပိန်နိုင်ငံမှ ဖုန်းခေါ်ဆိုမှုသန်း ၆၀ ကို ကြားဖြတ် ဖမ်းယူခဲ့ကြောင်း စပိန်မီဒီယာက ပြောကြားသည်။

အမေရိကန်ထောက်လှမ်းရေးကန်ထရိုက်ဟောင်း အက်ဒွပ်စနိုးဒန်း ထောက်ပံ့ပေးသော မှတ်တမ်းများအရ အဆိုပါသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အင်န်အက်စ်အေသည် ဖုန်းနံပါတ်များနှင့်ဖုန်းခေါ်ဆိုသူနေရာများမှ ယင်းကဲ့သို့ လျှို့ဝှက်ကြားဖြတ်ဖမ်းယူခဲ့ကြောင်း စပိန်မီဒီယာများက ပြောကြားသည်။

အီးယူပါလီမန် ကိုယ်စားလှယ်အဖွဲ့ကလည်း ဝါရှင်တန်တွင် အဆိုပါကိစ္စကို ဆက်တိုက်ဆွေးနွေးပွဲများ ပြုလုပ်ရန်စီစဉ်နေချိန် စပိန်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအတောအတွင်း ဂျပန်သတင်း အေဂျင်စီ တစ်ခုကလည်း အင်န်အက်စ်အေက ၂၀၁၁ ခုနှစ်တွင် ဂျပန်အစိုးရထံသို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဖိုက်ဘာကေဘယ်လ်ကြိုးကို ဂျပန်မှတစ်ဆင့် ပစိဖိတ်ဒေသဖြတ်ကာ ကူညီပေးရန်တောင်းဆိုခဲ့ဖူးကြောင်း သတင်းဖော်ပြသည်။ သို့ရာတွင် အိမ်ဖြူတော်က ငြင်းဆိုထားသည်။

အမေရိကန်နိုင်ငံသည် အခြားသော ကမ္ဘာ့ခေါင်းဆောင် ၃၅ ဦး၏ ဖုန်းခေါ် ပြောဆိုမှုများကိုလည်း မသမာသော နည်းလမ်းဖြင့် ကြားဖြတ် ဖမ်းယူခဲ့ကြောင်း ဗြိတိန်သတင်းစာ တစ်စောင်ဖြစ်သည့် ဂါးဒီးယန်းက ဖော်ပြသည်။

(ဘီဘီစီ)



မြန်မာပြည်မှာ ပထမဆုံး အသံထွက် အင်္ဂလိပ် စာအုပ်
ဂုဏ်ထူး ဦးအောင်ခိုင်
ESSAYS & LETTERS (CD)
BASIC GRAMMAR
01 252 919

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ဂန္ဓဝင်ရွှေပုံ Travels & Tours
ဗုဒ္ဓဂယာ (နယူးဒေလီ၊ တာ့ဂျ်မဟာ)
45 seater Aircon Fully

No.67, Baho Rd, Sanchaung, Ph: 01-519292, 519293, 519360, 500191, 510218
35 Rd, Bet 72&73 St, Mandalay. Ph: 09-31693339 Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
3Star Hotel

ဆီးရီးယားရဲ့ ဓာတုလက်နက်များ ဖျက်ဆီးရေး

မောင်မဟာ

ဆီးရီးယားနိုင်ငံအနေနဲ့ လက်ဝယ်မှာရှိနေတဲ့ ဓာတုလက်နက်တွေ ဖျက်ဆီးဖို့အစီအစဉ်ကို နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို တင်ပြရမယ်လို့ ဂျီနီဗာမှာပြုလုပ်တဲ့ နိုင်ငံတကာ ဆွေးနွေးပွဲမှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဓာတုလက်နက်များတားမြစ်ရေးအဖွဲ့ကလည်း ဆီးရီးယားတို့အနေနဲ့ လက်ဝယ်မှာရှိနေတဲ့ ဓာတုလက်နက်တွေကို ဖျက်ဆီးပစ်ရေးအတွက် သေချာတိကျတဲ့ အစီအစဉ်တစ်ရပ် တင်ပြဖို့၊ ဓာတုလက်နက်စာရင်းကို တင်ပြဖို့ တောင်းဆိုထားပါတယ်။

ဆီးရီးယားနိုင်ငံက ဓာတုလက်နက်တွေ သိမ်းဆည်းထားတဲ့နေရာ ၁၈ နေရာကို နိုင်ငံတကာပူးတွဲမစ်ရှင်အဖွဲ့တစ်ဖွဲ့က လေ့လာစိစစ်ဖို့ သွားရောက်ခဲ့ပြီး ဆီးရီးယားအပေါ် အရေးယူဆောင်ရွက်နိုင်မယ့် အခြေအနေတွေကို သုံးသပ်နေပါတယ်။

> ❝ ဆီးရီးယားတို့ လက်ဝယ်မှာရှိနေတဲ့ ဓာတုလက်နက်တွေကိုလာမယ့် ၂၀၁၄ ခုနှစ် နှစ်လယ်မှာအပြီးရှင်းလင်းဖယ်ရှားပြီးဖြစ်ရမယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောကြားထား ❞

တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပြီးစီးမှုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ အစီရင်ခံစာထုတ်ပြန်ရမှာ ဖြစ်ပါတယ်။ ဆီးရီးယားတို့အနေနဲ့ ဓာတုလက်နက်တွေ ဖျက်ဆီးပစ်မယ့်အစီအစဉ်မှာ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့က ကူညီဆောင်ရွက်ပေးသွားမယ်လို့လည်း အဲဒီအဖွဲ့က ထုတ်ဖော်ပြောကြားနေပါတယ်။

ဒီလိုဓာတုလက်နက်တွေကိုစွန့်ပစ်သက်ပြီး ဂျီနီဗာမှာ ၂၀၁၂ ခုနှစ် ဇွန် ၃၀ ရက်က ပထမအကြိမ်တွေ့ဆုံဆွေးနွေးစဉ်က ဆွေးနွေးညှိနှိုင်းမှုနဲ့ ဖြေရှင်းသွားမယ်လို့ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး အခု ဒုတိယအကြိမ် ဆွေးနွေးမှုမှာတော့ ဆီးရီးယားတို့ရဲ့ဓာတုလက်နက်ဖျက်ဆီးရေးအစီအစဉ်ကို သတ်မှတ်ရက်အတိုင်းအကောင်အထည်ဖော်ဖို့တိုက်တွန်းခဲ့ကြတာဖြစ်တာမို့ လက်တွေ့မှာ ဘယ်လိုဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဆီးရီးယားတို့က အဲဒီနိုင်ငံတကာအဖွဲ့သွားရောက်ခဲ့တဲ့ ၁၈ နေရာတွေမှာ ဆီးရီးယားအပေါ် ဓာတုလက်နက်တွေနဲ့ပတ်သက်ပြီး အပြစ်ရှာအကြောင်းပြဖို့အတွက် ကြိုးစားနေတယ်လို့ ဝေဖန်ပြောကြားနေပါတယ်။

ဆီးရီးယားတို့ဟာ ဒမတ်စကတ်မြို့အပြင်ဘက်ဝန်းကျင်မှာ ဖြစ်ခဲ့တဲ့ ဩဂုတ် ၂၁ ရက်က ဓာတုလက်နက်အသုံးပြုပြီး တိုက်ခိုက်ခဲ့တယ်လို့ ကုလသမဂ္ဂလေ့လာရေး သုံးသပ်ရေးအဖွဲ့က အတည်ပြုခဲ့ပြီးနောက် ဆီးရီးယားတို့လက်ဝယ်မှာရှိနေတဲ့ ဓာတုလက်နက်တွေကို လာမယ့် ၂၀၁၄ ခုနှစ် နှစ်လယ်မှာအပြီးရှင်းလင်းဖယ်ရှားပြီးဖြစ်ရမယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြောကြားထားပါတယ်။

ဒီလိုဓာတုလက်နက်တွေ ဖျက်ဆီးဖယ်ရှားတဲ့နေရာမှာ ဓာတုလက်နက်ပြုလုပ်တဲ့ အထောက်အကူပြုပစ္စည်းတွေ၊ ဆက်စပ်ပစ္စည်း

နိုင်ငံတကာသတင်း

ကွန်ဂရက်ရွေးကောက်ပွဲ အာဂျင်တီးနားသမ္မတရှုံးနိမ့်

အာဂျင်တီးနားသမ္မတ ခရစ္စတီးနား ဖာနန်ဒက်ဒေကစ်ချ်နားနှင့် ၎င်း၏ မဟာမိတ်အဖွဲ့သည် ကြားဖြတ်ကွန်ဂရက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ဗရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

ဖာနန်ဒက်သည် အကြီးဆုံးခရိုင်လေးခုမှ အမတ်နေရာများရှုံးနိမ့်သွားကြောင်း အောက်တိုဘာ ၂၇ ရက် ရွေးကောက်ပွဲရလဒ်များအရ သိရသည်။ အတိုက်အခံခေါင်းဆောင် ဆာဂျီယိုမက်ဆာက ဗျူနိုအေရိစ်ပြည်နယ်၌ အနိုင်ရလိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

မက်ဆာသည် လက်ရှိသမ္မတ၏ဝန်ကြီးအဖွဲ့ အကြီးအကဲဟောင်းဖြစ်သည်။ သို့သော်ယခုအခါ ဖာနန်ဒက်၏ အဓိကနိုင်ငံရေးပြိုင်ဘက်ဖြစ်လာပြီး ၂၀၁၅ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မက်ဆာက သမ္မတဖြစ်လာရန် မျှော်လင့်ထားသည်။

အမေရိကန်၌ နှစ်စဉ် ကလေး ၅၀၀ သေနတ်ကြောင့် သေဆုံး

အမေရိကန်နိုင်ငံတွင် နှစ်စဉ် ကလေး ၅၀၀ ခန့် သေနတ်ပစ်ခတ်ခံရပြီး သေဆုံးနေရကြောင်း၊ ၇၅၀၀ ကျော် ဆေးရုံတင်ကုသနေရကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

သေနတ်ဒဏ်ရာဖြင့် ဆေးရုံတင်ရသည့်ကလေး ၁၉၉၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ၈၀ ရာခိုင်နှုန်းမြင့်တက်လာကာ သေဆုံးသူ ၃၁၇ ဦးမှ ၅၀၃ ဦးအထိ မြင့်တက်ခဲ့ကြောင်း လေ့လာမှုစစ်တမ်းတွင်ဖော်ပြသည်။

မင်းသားကြီးစတားလုန်း၏ပန်းချီပြပွဲ

ဟောလိဝုဒ်မင်းသားကြီး စတားလုန်းသည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ ယဉ်ကျေးမှုပြခန်းတွင် ၎င်း၏စုဆောင်းပန်းချီကားများကို ပြသခဲ့သည်။ ယင်းပြပွဲ ခေါင်းစဉ်ကို Sylvester Stallone,Art. 1975-2013 ဟု အမည် ပေးထားသည်။ အသက် ၆၇ နှစ်ရှိ စတားလုန်းသည် ဆယ်စုနှစ်လေးခုကျော်ကြာ ၎င်းပန်းချီကားများကို စုဆောင်းခဲ့သည်ဟုဆိုသည်။ ယင်းကဲ့သို့ ပြသခြင်းမှာ သရုပ်ဆောင်ခြင်းအစား ပန်းချီဆွဲခြင်းဖြင့် ဘဝကို ကုန်ဆုံးလို၍ဖြစ်ကြောင်း စတားလုန်းက ဖွင့်ပွဲတွင်ပြောသည်။

မိမိအနေဖြင့် သရုပ်ဆောင်ခြင်းထက် ပန်းချီဆရာဘဝက ပိုကောင်းသည်ဟုထင်မိကြောင်း ၎င်းကပြောကြားသည်။ ယင်းပြပွဲတွင် စတားလုန်း ဖန်တီးခဲ့သောပန်းချီကား ၃၀ ပြသခဲ့ပြီး လာရောက်ကြည့်ရှုသူ ၁၀၀၀ ကျော်ရှိသည်ဟု ဆိုသည်။

မြင့်မောင်စိုး-စုစည်းသည်

ဗိုက်ရွှဲသူများ မှတ်ဉာဏ်ကျဆင်းဟု သုတေသနတွေ့ရှိ

ဗိုက်ရွှဲလွန်းသူများသည် ဗိုက်မရွှဲသော၊ ကျစ်လျစ်သောသူများထက် မှတ်ဉာဏ်ကျဆင်းမှုနှင့် ဘဝနှောင်းပိုင်းချိန် ဦးနှောက်ထိခိုက်မှု၊ ရောဂါကြောင့်ဖြစ်သော စိတ်ဖောက်ပြန်မှုများ ဖြစ်နိုင်ခြေ သုံးဆပိုများကြောင်း ဆဲလ်ဆေးပညာဂျာနယ်တွင် သုတေသနသစ်တစ်ရပ်ကို ရေးသားဖော်ပြသည်။

ဗိုက်ရွှဲလွန်းသူများသည် အသည်းတွင် ပရိုတိန်းတစ်မျိုးဖြစ်သည့် PPAR alpha ဓာတ်ကို အသုံးပြုမှုများစွာလိုအပ်ကြောင်း၊ ဝမ်းဗိုက်အဆီများ လောင်ကျွမ်းရန်အတွက် ပို၍လုပ်ရသဖြင့် ယင်းသို့လိုအပ်ခြင်းဖြစ်ကြောင်း၊ ဦးနှောက်မှကောင်းစွာမှတ်သားမှုပြုရာ မှတ်ဉာဏ်လုပ်ငန်းစဉ်တွင် ယင်း PPAR alpha ဓာတ်ကို အသုံးပြုရကြောင်း၊ သိပ္ပံပညာရှင်များက တွေ့ရှိ သုတေသနပြုခဲ့သည်။

အဆီပိုများလောင်ကျွမ်းရန်အတွက် ဦးနှောက်တွင် ရှိနေသော ယင်း PPAR alpha ဓာတ်ကို အသည်းအဓိကမရှိမဖြစ် လိုအပ်သုံးစွဲရသဖြင့် မှတ်ဉာဏ်ပိုင်းတွင်အားနည်း ကျဆင်းသလို သင်ယူမှု စွမ်းရည်ကိုလည်း အဟန့်အတား ဖြစ်စေခြင်းဖြစ်ကြောင်း ချီကာဂိုရှိ ရက်ရှ်တက္ကသိုလ်မှ ပညာရှင်တစ်ဦးက ပြောကြားသည်။ ပညာရှင်များက သုတေသနလုပ်ငန်းစဉ်ကို ကြွက်များဖြင့်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အသည်းတွင်း PPAR alpha သာမန်ရှိပြီး ဦးနှောက်တွင်းလျော့နည်းစွာရှိနေသည့် ကြွက်များသည် မှတ်ဉာဏ်နှင့်သင်ယူမှုစွမ်းရည်နည်းခဲ့သည်။ ဦးနှောက်တွင် PPAR alpha သာမန်အသင့်အတင့်ရှိပြီး အသည်းတွင် ရှိမနေသော အခြားကြွက်များမှာမူ ခန့်မှန်းထားသလို မှတ်ဉာဏ်သာမန်အဆင့်ရှိနေကြောင်းတွေ့ရှိခဲ့ရသည်။

ယခု အံ့သြဖွယ်ရာ ရှာဖွေတွေ့ရှိချက်သည် မှတ်သားဉာဏ်နှင့်သင်ယူမှုလုပ်ငန်းစဉ်တွင် PPAR alpha ကို ဦးနှောက်က သုံးစွဲရသည်။ အဆီလောင်ကျွမ်းရန် အသည်းတွင်လည်း လိုအပ်သုံးစွဲရခြင်းကြောင့် ဗိုက်ရွှဲခြင်းနှင့် မှတ်ဉာဏ်ကျဆင်းခြင်းကြား ဆက်စပ်နိုင်မှုသည် ဖြစ်

နိုင်ခြေများသော ရလဒ်အဖြေတစ်ရပ်ဖြစ်သည်။ ထို့ပြင် PPAR alpha ကို သုတေသနဆက်ပြုခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါနှင့် ဆက်စပ်ဖြစ်ပေါ်သည့် မှတ်ဉာဏ်နည်းခြင်းနှင့်ထင်လင်းမြင်သာစွာ သိရှိနိုင်မှုပြဿနာတို့ ပျောက်ကင်းစေမည့်ကုထုံးသစ်အတွက် စူးစမ်းသုတေသနပြုရမည် လမ်းကြောင်းသစ်ကိုလည်း ပေးပါကြောင်း ရက်ရှ်တက္ကသိုလ်မှ အာရုံခံနှာဝကြော သိပ္ပံပါမောက္ခ ကာလီပါဒါပတ်ဟန်က ပြောကြားခဲ့သည်။

ဥမ္မာ-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သောင်းသောင်းဖြဖြ အားပေးကြစို့

သူရအေး

ဆီးဂိမ်းပြိုင်ပွဲကြီးနီးလာပြီ

ဆီးဂိမ်းပြိုင်ပွဲကြီး နီးသထက်နီးလာနေပြီ။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်၍ ယခုဆောင်းပါးရေးနေသည့် အောက်တိုဘာ ၂၁ ရက်မှစ၍ ရေတွက်လျှင် ရက်ပေါင်း ၅၀ ခန့်သာလိုတော့သည်။ ဘောလုံးပြိုင်ပွဲအပါအဝင် တချို့ပြိုင်ပွဲများမှာ ကြိုတင်ကျင်းပမည်ဖြစ်သဖြင့် ရက်ပေါင်း ၅၀ ပင်မလိုတော့ပါ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည်ကပင် မြန်မာတစ်မျိုးသားလုံးအဖို့ ဂုဏ်ယူစရာကောင်းလှသည်။ ယခုလို အိမ်ရှင်အဖြစ်ကျင်းပခွင့်မျိုး မြန်မာနိုင်ငံက နှစ်ကြိမ်ရရှိခဲ့ပြီးဖြစ်သည်။ ထိုအချိန်က အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games)(ဆီးယက်ဂိမ်း)ဟု တွင်ခဲ့သည်။ ဒုတိယအကြိမ် ဆီးယက်ဂိမ်းကို ၁၉၆၁ ခုနှစ်တွင် လည်းကောင်း၊ ပဉ္စမအကြိမ် ဆီးယက်ဂိမ်းကို ၁၉၆၉ ခုနှစ်တွင် လည်းကောင်း အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထိုအချိန်က ပြိုင်ပွဲကြီးများ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို နှစ်ကြိမ်စလုံးတွင် နိုင်ငံအလိုက် ပထမအဆင့်ရယူနိုင်ခဲ့သဖြင့်လည်း မြန်မာနိုင်ငံသားအားလုံး ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်။ မြန်မာအားကစားသမားများ မျက်နှာပန်းလှခဲ့ကြသည်။ ၁၉၆၁ ခုနှစ် ဆီးဂိမ်းတွင် မြန်မာဘောလုံးအသင်း ရွှေတံဆိပ်မရခဲ့ဘဲ ၁၉၆၉ ခုနှစ် ဆီးဂိမ်းတွင်မှ ရွှေတံဆိပ်ရခဲ့သည်။ နိုင်ငံအလိုက် ပထမအဆင့်ရခဲ့သည့်အပြင် ဘောလုံးကပါ အရှေ့တောင်အာရှချန်ပီယံဖြစ်ခဲ့သဖြင့် ၁၉၆၉ ခုနှစ် ဆီးဂိမ်းတွင် မြန်မာတို့ပို၍ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ကြသည်။

မြန်မာလူမျိုးနှင့် အားကစားစိတ်ဓာတ်

မြန်မာလူမျိုးတို့သည် အမျိုးသားရေးစိတ်ဓာတ်ပြင်းပြသူများဖြစ်သည်။ သာမန်အချိန်တွင် စိတ်ရှည်သည်းခံသလောက် ကိုယ့်အမျိုးကိုထိလာလျှင် မချိအောင်နာတတ်ကြသည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်လျှင် အနိုင်ရလိုစိတ်ပြင်းပြကြသည်။ ယင်းစိတ်ဓာတ်ကိုအခြေခံ၍ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မိမိနိုင်ငံအသင်းကို အားပါးတရတစ်ခဲနက်အားပေးတတ်ကြသည်။ အနိုင်ရရှိပါကလည်း ပျော်မဆုံး၊ မော်မဆုံး၊ ဂုဏ်ယူမဆုံးဖြစ်တတ်ကြသည်။ ယင်းနှင့်ပတ်သက်၍ အမှတ်တရဖြစ်စဉ်လေးတစ်ခုတင်ပြလိုပါသည်။ ၂၀၀၆ ခုနှစ် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် မထင်မှတ်ဘဲဗိုလ်လုပွဲ၌ အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး မာဒေးကားဖလားကြီးကိုရခဲ့စဉ်က ဖြစ်ပါသည်။ ယခင်က မာဒေးကားဖလားကို အကြိမ်ကြိမ်ရခဲ့သော်လည်း ၁၉၇၁ ခုနှစ်နောက်ပိုင်း ယင်းဖလားနှင့်ကင်းကွာခဲ့ရာ ၃၅ နှစ်အကြာမှ ပြန်လည်ရယူနိုင်ခဲ့ခြင်းအတွက် မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြပါသည်။ ထိုအချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်ပွဲများနှင့် အလှမ်းဝေးနေချိန်ဖြစ်သည်။

၂၀၀၂ ခုနှစ် အာဆီယံ(U-17)ဘောလုံးပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ် အာဆီယံ(U-18)ဘောလုံးပြိုင်ပွဲ၊ ၂၀၀၄ ခုနှစ် BIMSTEC (ဘင်းမ်စတက်)(U-18) ဘောလုံးပြိုင်ပွဲ၊ ၂၀၀၅ ခုနှစ် အာဆီယံ(U-17)ဘောလုံးပြိုင်ပွဲနှင့်(U-20) ဘောလုံးပြိုင်ပွဲတို့တွင် ချန်ပီယံဆုတံဆိပ်များ ပြန်လည်ယူနိုင်ခဲ့ကြသော်လည်း မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း(လူကြီးအသင်း)မှာမူ ချန်ပီယံဆုဖလားနှင့် အလှမ်းဝေးနေဆဲကာလဖြစ်သည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ မာဒေးကားချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့သဖြင့် မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူနေကြသည့်အချိန်ဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် ဆုဖလားကြီးပိုက်၍ ည ၁၀ နာရီအချိန် မင်္ဂလာဒုံလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ဤအချိန်မျိုးတွင် ကြိုဆိုမည့်သူမရှိနိုင်ဟု ယူဆခဲ့ကြပြီး အားကစားဝန်ကြီးဌာနနှင့်ဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများသာ လေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြသည်။ သို့သော်လည်း အထင်နှင့်အမြင်လွဲခဲ့ကြောင်း မကြာမီတွေ့မြင်ရတော့သည်။ မည်သူမျှကြိုတင်အသိပေးခြင်း၊ လှုံ့ဆော်ခြင်းမရှိပါဘဲ ရန်ကုန်မြို့လူထုသည် အောင်ပွဲရမြန်မာဘောလုံးအသင်းကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မင်္ဂလာဒုံလေဆိပ်မှစ၍ ပြည်လမ်းတစ်လျှောက်တွင် နာရီပိုင်းအတွင်း ကြိုဆိုသူ လူအုပ်ကြီးဖြင့် ပြည့်သွားတော့သည်။ "မြန်မာနိုင်ပြီ"ဟူသော သီချင်းကို ဘယ်လိုရှာ၍ဘယ်သူကဖွင့်သည်မသိ ကားများပေါ်တွင်စပီကာတင်၍ ဖွင့်ခဲ့ကြသည်။ ပြည်သူများ၏ "မြန်မာ" "မြန်မာ"ဟူသောအသံများ ပြည်လမ်းတစ်လျှောက် ပျံ့နှံ့သွားခဲ့သည်။ ဘောလုံးအားကစားသမားများကိုလည်း ကားပေါ်အထိတက်၍ နှုတ်ဆက်ကြ၊ ဂုဏ်ပြုခဲ့ကြသည့်မြင်ကွင်းမှာ မျက်ရည်လည်စရာပင် ဖြစ်ခဲ့ရသည်။ ဤသည်မှာ မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်ပါသည်။

အစဉ်အလာရှိခဲ့သည့် မြန်မာ့ဘောလုံး

မြန်မာလူမျိုးတို့သည် ဘောလုံးအားကစားနည်းကို များစွာခုံမင်နှစ်သက်ကြသည်။ Crazy(ခရေဇီ)ဖြစ်သည်ဟုပင် ပြောနိုင်သည်။ အားလည်းအားပေးကြသလို လေ့လာလိုက်စားမှုလည်းပြုခဲ့ကြသည်။ ကျောင်းများမှစ၍ ကျောင်းပြိုင်ပွဲများကျင်းပကြသလို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပြိုင်ပွဲများ နှစ်စဉ်ကျင်းပကြသည်။ ယခင်က တိုင်းဒေသကြီး၊ ပြည်နယ်ပြိုင်ပွဲများသည် ပြည်သူများ၏ အသည်းစွဲဖြစ်ခဲ့ရသည်။ အားပေးမှုကလည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဝက်ဝက်ကွဲအောင် အားပေးခဲ့ကြသည်။ ထို့ကြောင့်လည်း ထိုအချိန်က မြန်မာဘောလုံးအသင်းသည် အောင်ပွဲအလီလီရခဲ့သည့်အပြင် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများကပါ ခံ့ညားလေးစားခြင်းကို ခံခဲ့ကြရသည်။ အရှေ့တောင်အာရှ ချန်ပီယံ (၅)ကြိမ် (၁၉၆၅/၆၇/၆၉/၇၁/၇၃) ဆက်တိုက်ဖြစ်ခဲ့သည်။ မာဒေးကားချန်ပီယံ(၃)ကြိမ် (၁၉၆၄/ ၆၇/ ၇၁)၊ ပတ်ချ်ဟီးဖလား ချန်ပီယံ(၃)ကြိမ် (၁၉၇၁၊ ၇၂/၇၃)၊ ဂျကာတာ ဖလားချန်ပီယံ(၄)ကြိမ် (၁၉၇၁/ ၇၃/၇၄/၇၅)၊ မာရာဟာလင်ဖလား ချန်ပီယံ(၃)ကြိမ် (၁၉၇၇/ ၇၈/၇၉)၊ အာရှလူငယ်ချန်ပီယံ (၈)ကြိမ်(၁၉၆၁/၆၃/၆၄/၆၆/၆၈/ ၆၉/၇၀/၇၇)၊ အာရှချန်ပီယံ(၂)ကြိမ်(၁၉၆၆/၇၀)နှင့် မြူးနစ်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ အသန့်ရှင်းဆုံးဆု(၁၉၇၂) အသီးသီးရယူနိုင်ခဲ့ခြင်းက သက်သေပြလျက်ရှိသည်။ ထိုအချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးသမားများဖြစ်ကြသော ဗဟာဒူး၊ မောင်မောင်၊ တင်အောင်၊ ဝင်းမောင်၊ ဟန်သိန်း၊ လှဋ္ဌေး၊ အောင်ခင်၊ ဘပု စသည်တို့ကို နိုင်ငံတကာကပင် အသိအမှတ်ပြုချီးကျူးခဲ့ကြသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းမှာလည်း နောက်ကျမှပေါ်ပေါက်ခဲ့ရသော်လည်း ၂၀၀၄ ခုနှစ် အာဆီယံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတို့တွင် ဗိုလ်စွဲနိုင်ခဲ့ကြသည်။ လက်ရှိတွင်လည်း အဓိကပြိုင်ဘက် ထိုင်းနှင့် ဗီယက်နမ်အသင်းများကိုနိုင်ပြီး ခြေစစ်ပွဲအောင်ခဲ့သည်။ သို့ဖြစ်၍ ဘောလုံးမှာ မြန်မာ့အားကစားတွင် အစဉ်အလာရှိသော အားကစားနည်းတစ်ခု ဖြစ်သည်ဟုဆိုနိုင်သည်။ ထိုအစဉ်အလာကို ယခုအိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းတွင် ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာအမျိုးသားဘောလုံးအသင်းရော အမျိုးသမီးဘောလုံးအသင်းပါ အစွမ်းကုန်ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားနည်းများ

ဘောလုံးဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသလို ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ သေနတ်ပစ်၊ လှေလှော်စသည့် ကျန်အားကစားနည်းများကလည်း နိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာများရှိခဲ့သည်။ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (ဆီးယက်ဂိမ်း)တွင် ပြေးခုန်ပစ်က ရွှေတံဆိပ် ၂၁ ခု အများဆုံးရယူပေးနိုင်ခဲ့သည်။ ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် ဆီးယက်ဂိမ်းတွင် ရေကူးက ရွှေတံဆိပ် ၁၂ ခု အများဆုံးရယူပေးနိုင်ခဲ့ကြသည်။ ၁၉၇၉ ခုနှစ် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် အလေးမက ရွှေတံဆိပ်ရှစ်ခု အများဆုံးရယူပေးနိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ် (၁၇)ကြိမ်မြောက် ဆီးဂိမ်းတွင် သေနတ်ပစ်က ရွှေတံဆိပ်လေးခု ရယူပေးနိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်(၂၆)ကြိမ်မြောက် ဆီးဂိမ်းတွင် လှေလှော်အားကစားနည်းက ရွှေတံဆိပ် ၁၀ခု ရယူပေးနိုင်ခဲ့သည်။ ယခုလာမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင်လည်း နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရန်အတွက် အားကစားအဖွဲ့ချုပ်အသီးသီးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရသည်။ ပြိုင်ပွဲကြီးအတွက် နိုင်ငံတော်ကကုန်ကျစရိတ်များစွာဖြင့် အားကစားကွင်း၊ အားကစားရုံကြီးများကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးထားပြီးဖြစ်သည့်အပြင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကလည်း ပြင်းပြင်းထန်ထန်လေ့ကျင့်နေကြသည်ကို အားရဖွယ်မြင်တွေ့နေရသည်။ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဦးစီးလျက်

စာမျက်နှာ ၁၃ သို့

အန္တရာယ်များသည့် ရွှေကျင်ချောင်းကူးတံတား

ရွှေကျင် အောက်တိုဘာ ၂၈

ရွှေကျင်မြို့ တောင်ဘက်ရှိ တောင်ဘက်ရွာနှင့် ရွှေကျင်ချောင်းကို ဖြတ်ဆောက်ထားသော တံတားသည် ယာယီသစ်သားတံတားသာ ဖြစ်သဖြင့် ဖြတ်သန်း သွားလာသူများအတွက် အန္တရာယ်အလွန်များသည်ကို တွေ့ရသည်။ အဆိုပါတံတားပေါ်မှ လူများ၊ ဆိုင်ကယ်များ နေ့စဉ်ဖြတ်သန်းလျက်ရှိရာ ကန်ထရိုက်ယူထားသူက လူတစ်ဦးလျှင် ငွေကျပ် ၂၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၅၀၀ ဖြတ်သန်းခ အဖြစ်ကောက်ခံလျက်ရှိသည်။ တံတားမှာ ကျဉ်းမြောင်းလှသဖြင့် လူနှင့် ဆိုင်ကယ်တိုက်ပြီး ချောင်းအတွင်း ပြုတ်ကျမည်ကို စိုးရိမ်နေရသည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ရွှေကျင်မီးမျှောပွဲတွင် ဖြတ်သန်းသူများလွန်းသဖြင့် မခံနိုင်တော့ဘဲ ညပိုင်းတွင် ကျိုးကျသွားသည်။ ကံကောင်းသဖြင့် ထိခိုက်ဒဏ်ရာရသူ မရှိကြောင်းသိရသည်။ တံတားကို တစ်စင်းတည်းမထားဘဲ အသွားတစ်စင်း အပြန်တစ်စင်း ထားပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

ကိုကြီးမောင်

ပဲခူး အောက်တိုဘာ ၂၈

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဖြိုးပညာဒါနခန်းမတွင် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ဟိုတယ်နှင့်တည်းခိုခန်းများ လုံခြုံရေးသင်တန်း (၁/၂၀၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကြီးကြပ်မှုတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအေးသန်းနှင့် ဟိုတယ်၊ တည်းခိုခန်းများမှ ပိုင်ရှင်နှင့် ဝန်ထမ်း သင်တန်းသား ၁၂၀ တို့ တက်ရောက်ခဲ့ပြီး ဒုရဲမှူးအေးသန်းက လုံခြုံရေးဆိုင်ရာအချက်အလက်များကို ငါးရက်ကြာ သင်တန်းတွင် သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် ညွှန်ကြားရေးမှူး ဦးသန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပဲခူးတွင် ဟိုတယ်နှင့်တည်းခိုခန်းများ လုံခြုံရေးသင်တန်းဖွင့်

သန့်စင်

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

၁၉၆၄ ခုနှစ်၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုစုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုစနစ်တကျ ထိန်းသိမ်းနိုင်ရေးအတွက် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုစုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်၏ **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတွက် သက်ဆိုင်ရာတည်ဆဲဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြုစုပြဋ္ဌာန်းရန်နှင့် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးနိုင်မှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ခေတ်နှင့်လျော်ညီသော ဥပဒေ၊ နည်းဥပဒေများဖြစ်စေရန် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့၍ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအတွက် ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၆၊ ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေအခန်း(၄)၊ ပုဒ်မ ၅၇၊ ၅၈၊ ၅၉ တို့နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်ပြီး စစ်ဆေးမှုအောင်မြင်သူများကို ယာဉ်မောင်းလိုင်စင်များ စနစ်တကျ ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို အသစ်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၊ တပ်ဖွဲ့ခွဲ(၃)ခု၊ ဒုတပ်ဖွဲ့ခွဲ (၅)ခု၊ ယာဉ်ထိန်းသင်တန်းကျောင်းတစ်ကျောင်း၊ တပ်ဖွဲ့စု (၆၅)စုဖြင့် ယာဉ်ထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ယာဉ်ထိန်းရဲတပ်ဖွဲ့ အသစ်တိုးချဲ့ဖွဲ့စည်းပြီး ဆက်သွယ်ရေးစက်(၂၃)လုံး ဝယ်ယူဖြည့်တင်းထားရှိပါကြောင်း၊ ယာဉ်လမ်းရှင်းလင်းထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် စက်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူဖြည့်တင်းသွားရန် စီစဉ်ထားရှိပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

"တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးအတွက် အမျိုးသားစီးပွားတိုးတက်မှုမှာ အဟန့်အတားတစ်ခုဖြစ်နေတဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်ပိတ်ဆို့မှုအတွက်ကို ဦးတည်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အခုမှ အခြားတိုးတက်တဲ့နိုင်ငံတွေရဲ့ နောက်ကို လိုက်နေတာပါ။ အဲဒီလိုလိုက်တဲ့နေရာမှာ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို တတ်သိနားလည် ကျွမ်းကျင်တဲ့သူတွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်သင့်တယ်လို့ထင်ပါတယ်။ ဒုတိယဝန်ကြီးက ၁၉၆၄ ဥပဒေကိုပဲ ညွှန်းသွားတယ်။ အခုကြည့်လိုက်ရင် နှစ်ပေါင်း(၆၀)နီးပါးကြာခဲ့ပါပြီ။ ဒါကိုလည်း ပြင်နေပြီလို့ပြောသွားပါတယ်။ အခြားနိုင်ငံတွေရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေတွေကို လေ့လာပြီးပြင်မယ်ဆိုရင် ပိုကောင်းတဲ့ဥပဒေရလာမှာပါ" ဟု မေးခွန်းရှင် ဦးသိန်းလွင်က ပြောပြခဲ့သည်။

ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် မေးမြန်းစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် **မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် တင်ပြလာမှုအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၈)ချက်အနက် (၅)ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ပြည်သူ့လွှတ်တော်မှ သဘောတူသင့်ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အခန်း(၁) ပုဒ်မ၂ နှင့် အခန်း(၅) ပုဒ်မ ၂၁ ပုဒ်မခွဲ(က)၊ အခန်း(၄) ပုဒ်မ ၁၅ တို့အား ပြည်သူ့လွှတ်တော်၏ မူလပြင်ဆင်အတည်ပြုချက်များအတိုင်း ထားရှိသင့်ပါကြောင်း တင်ပြရာ လွှတ်တော်က အတည်ပြုခဲ့ပြီး သဘောထားကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၉ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အလုပ်သမားဥပဒေအသစ်များရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ယနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို အစီအစဉ် (၁၁) ခုဖြင့် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ စည်းကြပ်လျက်ရှိသည့် အလုပ်သမားရေးရာ ဥပဒေများသည် လူကြီး၊ လူငယ်၊ လူရွယ်၊ ကျား၊ မ အလုပ်သမားများအား ထိရောက်သည့်အကျိုးခံစားခွင့်များ၊ ကာကွယ်ခွင့်များကိုရရှိစေရေးကဏ္ဍစုံမှထောင့်စေ့အောင် ပြဋ္ဌာန်းထားသည့်ဥပဒေများဖြစ်ပါကြောင်း။

စီစဉ်ဆောင်ရွက်

မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးခဲ့သည့် ILO Convention များနှင့်အညီ ဥပဒေများရေးဆွဲပြီး ဌာနကြီးငါးခုမှ မိမိဌာနနှင့် သက်ဆိုင်သည့်ဥပဒေများကို စီမံခန့်ခွဲကျင့်သုံး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် အလုပ်သမားရေးရာ အက်ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် အသစ်ရေးဆွဲခြင်း၊ ဥပဒေအဟောင်းများကို ပယ်ဖျက်၍ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း ဆောင်ရွက်နေသောကာလဖြစ်ပါ၍ အလုပ်သမားရေးရာ ဥပဒေများအား စုစည်းပြီး စာအုပ်တစ်အုပ်တည်း ပုံနှိပ်နိုင်ခြင်း မရှိသေးပါကြောင်း၊ နောင်တွင် အလုပ်သမားရေးရာဥပဒေများအား တစ်စုတစ်စည်းတည်းလေ့လာနိုင်ရန် ပုံနှိပ်ထုတ်ဝေနိုင်အောင် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ILO Convention များနှင့်အညီ အလုပ်သမားရေးရာ ဥပဒေများကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် အလုပ်သမားရပိုင်ခွင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝ၊ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အလုပ်သမားဥပဒေအသစ်များရေးဆွဲပြဋ္ဌာန်းခြင်း၊ မူလအလုပ်သမားဥပဒေများကို ပယ်ဖျက်၍ အသစ်ပြန်လည်ရေးဆွဲခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးမူဝါဒများနှင့်အညီ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးအပိုင်းတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝရရှိစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားရာ ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန်ဆုံးဖြတ်သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ထံမှပေးပို့လာသည့် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ၏ **နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ် ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့်ပြုပါရန်** ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းသည့် ပြန်လည်ဖြေကြားချက်ကို ဖတ်ကြားပြီး လွှတ်တော်က မှတ်တမ်းတင်ထားရှိကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်သွင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **ပြည်ထောင်စုလွှတ်တော်ဥပဒေဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန်အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေများကို လွှတ်တော်ရုံးများ၏ရုံးလုပ်ငန်း၊ အုပ်ချုပ်မှုကိစ္စ၊ ဝန်ထမ်းဖွဲ့စည်းပုံတို့ကို ပြင်ဆင်ပြောင်းလဲရန်လည်းကောင်း၊ အမည်နှင့်စကားရပ်များကို အစားထိုးရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပြည့်စုံစွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက တစ်စိတ်တစ်ပိုင်း တာဝန်ယူဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်နှင့် သက်ဆိုင်သည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ပိုမိုပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ အသစ်ပြင်ဆင်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဥပဒေအသစ်များနှင့် ညီညွတ်မှုရှိစေရန်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို ပိုမိုပြည့်စုံစွာဆောင်ရွက်နိုင်ရန်အတွက် ဤပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

◆ ***ကျောဖုံးမှ***

နိုင်ငံခြားနည်းပြများနှင့် လေ့ကျင့်နေသလို တရုတ်နိုင်ငံတွင်လည်း ဩဂုတ်လမှ စက်တင်ဘာလအထိ တစ်လကြာ သွားရောက်လေ့ကျင့်ထားကြောင်း သိရသည်။ မြန်မာလှေလှော်အဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၅၀ ဖြင့် လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပြီး အဆင့်ဆင့် လူရွေးချယ်မှုများပြုလုပ်ကာ ရိုးရာလှေပြိုင်ပွဲအတွက် အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၆ ဦး၊ ကနူး/ကယက်ပြိုင်ပွဲအတွက် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၀ ဦး၊ အနောက်တိုင်း လှေပြိုင်ပွဲအတွက် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ခြောက်ဦး၊ စုစုပေါင်း ၉၆ ဦးကို ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်လိုက်ပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆီးဂိမ်းအကြိုအာဆီယံဖိတ်ခေါ် ရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်က ငလိုက်ဆည်တွင် ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခုချီးမြှင့်ရာ မြန်မာလှေလှော်အဖွဲ့က ရွှေငါးခုအထိရယူနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲမှာ ဆီးဂိမ်းအတွက်ပြင်ဆင်သည့်အနေဖြင့်ကျင်းပခြင်းဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲကိုသာကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်သင်း လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲ၌ အားကောင်းသည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့ လာရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိပေ။

မြန်မာလှေလှော်အဖွဲ့မှာ အနောက်တိုင်းလှေနှင့် ကနူး/ကယက်အားကစားနည်းများ၌ ရွှေတံဆိပ်များရယူနိုင်မည်ဖြစ်သော်လည်း အားအသာဆုံးဖြစ်သည့် ရိုးရာလှေပြိုင်ပွဲမှ နိုင်ငံအတွက် ရွှေတံဆိပ်ဘယ်နှခုရယူနိုင်မလဲဆိုသည်မှာ မူ . . .။

ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်

မြစ်ကြီးနား အောက်တိုဘာ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဟိုတယ်ဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ နန်းသီတာဟိုတယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းက ဟိုတယ်နှင့်တည်းခိုခန်းများ လုံခြုံရေးစီမံချက်များ စနစ်တကျစီမံဆောင်ရွက်ရေးနှင့် တည်းခိုသူဧည့်သည်များ၏ လူမှုဘဝလုံခြုံရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ညှိနှိုင်းပေါင်းစပ် ဖော်ဆောင်ရန် ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ စုစုပေါင်းသင်တန်းသား ၅၉ ဦး တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ငါးရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

ပြည်တွင်းသတင်း

အနာဂတ်ကာလ နိုင်ငံရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရှင်သန်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီအခြေစိုက် National Endowment for Democracy (NED) ဥက္ကဋ္ဌ Mr. Carl Gershman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာမြင့်ကြည်နှင့် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မျက်မှောက်ကာလမြန်မာ့နိုင်ငံရေး အပြောင်းအလဲနှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေများ၊ အနာဂတ်ကာလ နိုင်ငံရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးရှင်သန်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုဆိုင်ရာများအပေါ် ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

အေးချမ်းစွာ အနားယူစရာ အကောင်းဆုံး ကမ်းခြေဖြစ်လာသည်။

ယခုအခါ ငပလီကမ်းခြေဒေသကို ပြည့်စုံသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဇုန်အဖြစ် အဆင့်မြင့်တင်ရန် အစီအစဉ်များ ချမှတ်နေပြီဖြစ်သည်။ ငပလီကမ်းခြေဒေသကို မူလသဘာဝပတ်ဝန်းကျင် အနေအထားမပျက်ယွင်းစေပဲ နိုင်ငံတကာအဆင့်မီ ကမ်းခြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်တော့မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန်၊ ဒေသခံတို့၏ လူမှုစီးပွားဘဝများ မထိခိုက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ ငပလီကမ်းခြေဒေသကို ပြည့်စုံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဇုန်အဖြစ် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၊ မြန်မာ့သဘာဝထိန်းသိမ်းကာကွယ်ရေးကွန်ရက်၊ မြို့ပြနှင့်ကမ်းခြေစီမံကိန်းများ ရေးဆွဲရေးဆိုင်ရာ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူပညာရှင်များ စနစ်တကျ အကောင်အထည်ဖော်ရေး ဆွေးနွေးဆောင်ရွက်ကြမည်ဖြစ်သည်။

ငပလီကမ်းခြေသည် ရခိုင်ပြည်နယ် သံတွဲမြို့မှ ခုနစ်ကီလိုမီတာခန့်အကွာတွင် တည်ရှိသည့် ငပလီကမ်းခြေသည် သုံးကီလိုမီတာရှည်ပြီး မြန်မာနိုင်ငံတွင်ရှိသော ကမ်းခြေများအနက် အရှည်ဆုံးဖြစ်သည်။ ထူးခြားသည်မှာ အဖြူရောင်သဲများ ကမ်းခြေတစ်လျှောက် ဖုံးလွှမ်းနေခြင်းဖြစ်ပြီး စိမ်းညို့နေသော အုန်းပင်တန်းများ အစီအရီပေါက်ရောက်လျက်ရှိသည်။

ငပလီကမ်းခြေသို့ ရန်ကုန်မြို့မှ လေယာဉ်ဖြင့်လာရောက်ပါက ၄၅ မိနစ်ခန့် ကြာမြင့်ပြီး ကားဖြင့်သွားရောက်ပါက ၁၄ နာရီခန့် ကြာမြင့်မည်ဖြစ်သည်။ ငပလီကမ်းခြေသည် ကမ္ဘာပေါ်တွင် သဘာဝအတိုင်း မပျက်စီးဘဲတည်ရှိနေသော ကမ်းခြေများအနက် အထူးခြားဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံးကမ်းခြေလည်းဖြစ်သည်။

ငပလီကမ်းခြေသည် နှစ်စဉ် အပန်းဖြေသွားရောက်ရန်အကောင်းဆုံးအချိန်မှာ အောက်တိုဘာလကုန်မှ မေလအတွင်းဖြစ်သည်။ ယခုအခါ ငပလီကမ်းခြေကို ပြည့်စုံသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဇုန်အဖြစ် အဆင့်မြှင့်တင်မှုများပြုလုပ်ရန် စီစဉ်နေပြီဖြစ်သည်။

(မြန်မာ့အလင်း)

ကင်ဆာရောဂါကင်းစင်ရေးဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၈

ပြည်သူများ ကင်ဆာရောဂါ ကင်းဝေးစေရန်ရည်ရွယ်၍ Wellness (အနာမဲ့)မဂ္ဂဇင်းက ကြီးမှူးကျင်းပသည့် ကင်ဆာရောဂါကင်းစင်ရေး ဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပမည် ဖြစ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပါမောက္ခ ဆရာဝန်ကြီး ဦးစိုးအောင်က ကင်ဆာရောဂါကင်းစင်ရေး အသိပညာဖြင့်ကာကွယ်ပေး ခေါင်းစဉ်ဖြင့် ကင်ဆာရောဂါမည်သို့ ဖြစ်ပေါ်လာသည်၊ မည်သည့်နည်းလမ်းများဖြင့် မဖြစ်အောင်ကာကွယ်ရမည်၊ ဖြစ်လာပါက မည်ကဲ့သို့ ရင်ဆိုင်ကုသရမည်ဆိုသည့် ဗဟုသုတများအပြင် နောက်ဆုံးပေါ်ကုထုံးနည်းသစ်များအား ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ မည်သူမဆိုအခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

မရမ်းကုန်းမြို့နယ်၌ တည်ဆောက်နေသော ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားစီမံကိန်း၏ တတိယအလွှာ ခင်းကျင်းနေမှုကို တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး) ဓာတ်ပုံ- မျိုးမင်းသိန်း (မရမ်းကုန်း)

သဘာဝဓာတ်ငွေ့ယိုစိမ့်

နေပြည်တော် အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မရိုးတောကျေးရွာ နတ်မောက်-ပျော်ဘွယ်ကားလမ်းနှင့် နတ်မောက်-ရေနံချောင်းကားလမ်းဘေးရှိ ကန်လယ်ကွင်း ကွင်းအမှတ်(၅၁၁) ဈေးသာရွာနေ ဦးနေအောင်၏ ယာခင်းအတွင်း ပြည်-ဆားခါး သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ခွဲယူထားသော မကွေး-နတ်မောက်-ပျော်ဘွယ်-တောင်ကြီး ပြည်တွင်းသုံး ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ အမြင့်လေးပေခန့် ဓာတ်ငွေ့များပန်းထွက်နေကြောင်း တွေ့ရှိရသဖြင့် ဈေးသာရွာနှင့် မရိုးတောကျေးရွာအုပ်ချုပ်ရေးမှူးများက အနီးဝန်းကျင်ရှိ ရွာသူ/ ရွာသားများအား မသွားရန်မှာကြားထားရှိခဲ့ပြီး ညနေ ၆ နာရီ ၁၅ မိနစ်အချိန်တွင် မင်းဘူးရေနံမြေမှ တာဝန်ရှိသူများထံ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားခဲ့ရာ အောက်တိုဘာ ၂၈ ရက်၌ ပြုပြင်ရေးအဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်းနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် နတ်မောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

နေပြည်တော်ရဲတပ်ဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတွင် မကြာမီကာလ ကျင်းပတော့မည်ဖြစ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ(ဆီးဂိမ်း) ပွဲတော်ကြီးနီးကပ်လာပြီဖြစ်သဖြင့် ယာဉ်စီးနင်းသူများနှင့် ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး(အထူး)ဟောပြောပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁၃၈)မူလွန်ကျောင်းတွင် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲခိုင်က မကြာခင်ကာလမှာ ကျင်းပတော့မည့် ဆီးဂိမ်းပွဲတော်တွင် အထူးသဖြင့် ယခင်ထက်ယာဉ်အသွားအလာများပြားမည်ဖြစ်ရာ ယာဉ်မောင်းသူများနှင့် ယာဉ်စီးနင်းသူ၊ လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရန်၊ ကယ်ရီမောင်းနှင်ခွင့် လိုင်စင်၊ သတ်မှတ်ဂိတ်များတွင် ဂိတ်ထိုးကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ဇမ္ဗူသီရိမြို့နယ် ဌာနစုမှူး ဒုရဲမှူး စိုးမြင့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။ အခမ်းအနားသို့ ဇမ္ဗူသီရိမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ဆိုင်ကယ်၊ ကယ်ရီမောင်းနှင်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မော်တော်ယာဉ် ၂၇၇၉၉ စီး သွင်းကုန်ပါမစ်ထုတ်ပေးပြီး

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Van, Wagon, Light Truck, Box Truck နှင့် Truck တို့ အပါအဝင် စုစုပေါင်း မော်တော်ယာဉ် ၂၇၇၉၉ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၈၈၇ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သော စာရင်းအရ သိရှိရသည်။

အေးကို (သတင်းစဉ်)

❖ ကျောဖုံးမှ

မောင်ကြူ၊ ရဲထွန်းနောင်နှင့် နေထက်အောင်တို့မှာ အကြိတ်အနယ်ပစ်ခတ်ခဲ့ရသည်။ နောက်ပိုင်း ပစ်ချက်များတွင် ရဲထွန်းနောင်နှင့် နေထက်အောင်ပစ်ချက်များအမှားများခဲ့၍ မောင်ကြူက ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့်ပဏာမလက်ရွေးစင်ကစားသမားများ အပါအဝင် အား/ကာသိပ္ပံ(ရန်ကုန်)မှ ကစားသမားများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးထည့်သွင်းကျင်းပလျက်ရှိပြီး ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်အတွင်း အောက်တိုဘာ ၂၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီချောင်းရေလျှံမှုဖြစ်ပွားကာ ရပ်စောက်မြို့အတွင်းရှိ ဇော်ဂျီရပ်ကွက်နှင့် ဥတ္တံတာရပ်ကွက်တို့တွင် ရေအမြင့်လေးပေခန့် ဝင်ရောက်ခဲ့သဖြင့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါရပ်ကွက်များအတွင်းရှိ လူဦးရေ ၈၁၉ အတွက် ထမင်းထုပ်များပေးဝေခြင်း၊ ဆေးအကာအကွယ် ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၁ ဦးတို့အား ရေဘေးလွတ်ရာ နေရာများသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြဝတီ)**

❒ ကျောဖုံး

မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ်(၁၂/၃-၄)ကြား အရှည်ပေ ၂၄၀၊ အကျယ် ၁၃ ပေရှိ ဘေလီသစ်သားတံတား (ရွှေဥဒေါင်းတံတား) ပေါ်တွင် မန္တလေးမှ ဗန်းမော်ဘက်သို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စစ်ကိုင်းတန်းရပ်နေ မျိုးနိုင်(၄၉နှစ်)မောင်းနှင်လာသည့် ရွှေခြင်္သေ့မှန်လုံခရီးသည်တင်ယာဉ်ဖြတ်သန်းမောင်းနှင်စဉ် တံတားလျှောက်လမ်းကျိုး၍ နောက်ဘီးကျွံနေသဖြင့် ယာဉ်လမ်းပိတ်ဆို့ပြီး ဖြတ်သန်းသွားလာ၍မရသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်သွားခဲ့သည်။

ဖြတ်သန်းသွားလာ

အဆိုပါနေရာသို့ တွင်းငယ်ရဲကင်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ယာဉ်မောင်းများနှင့် ပူးပေါင်းပြီး ယာဉ်ကိုဆွဲတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပြီးဆုံးခဲ့သောကြောင့် ပုံမှန်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

(ကိုရဲ)

မြန်အောင်မြို့ တလိုင်းခြံကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် အောက်တိုဘာ ၂၈

ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက ပညာရေးကဏ္ဍတွင် အသုံးစရိတ်များ ပိုမိုတိုးမြှင့်သုံးစွဲလာနိုင်သဖြင့် စာသင်ကျောင်းများ အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ဝန်ထမ်းများ ဖြည့်ဆည်းခြင်းအပါအဝင် ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းကိုလည်း သိသာစွာ ဆောင်ရွက်ပေးနိုင်သောကြောင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ကြားမှု ပိုမိုလွယ်ကူချောမွေ့လာပြီဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း အနာဂတ်၏တောက်ပသောကြယ်ပွင့်ကလေးများ ဖြစ်အောင် မိမိတတ်စွမ်းသရွေ့ အစွမ်းကုန် ကြိုးစားသွားကြရန်လိုကြောင်းဖြင့် အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် ဒေါင်းကျွအုပ်စု တလိုင်းခြံကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အမှာစကားပြောကြားသည်။

ဆွေးနွေးခဲ့

အောက်တိုဘာ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မြန်အောင်မြို့နယ် မကျီးကုန်းအုပ်စု သပြုစိန်ရွာကျောင်းတိုက်၌ ကျင်းပသော မဟာဘုံကထိန်သို့ တက်ရောက်၍ ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများနှင့်လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၂၈

၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၀၀ တို့က ပြိုင်ပွဲဝင်ဓာတ် ပုံ ၅၉၂ ပုံပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျော်ကျော်ဝင်း၊ ဒုတိယဆု မျိုးဇော်ဦး၊ တတိယဆု ပြည်စိုးထွန်း (ကျောက်မဲ)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ကြည်စိုးထွန်း (ပန်းချီ)ကော့သောင်း၊ ကျော်ဇောလေး၊ ဇော်ဇော်ထွန်း၊ စစ်ကိုင်းအောင်ကျော်တင်(တင်မောင်-ဓာတ်ပုံ)နှင့် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)တို့က ဆုများအသီးသီး ရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Myanmar Golden Rock International Co., Ltd. တို့က ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးရွာချင်းဆက်တံတား ရေတိုက်စားပျက်စီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ ကြည့်ရှုစစ်ဆေး

တပ်ကုန်း အောက်တိုဘာ ၂၈

သပြေချောင်း ရွှေမြို့အရှေ့ကျေးရွာ ဆက်သွယ်ထားရှိသော သစ်သားတံတားသည် ရေတိုက်စားမှုကြောင့် ပျက်စီးသွားရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့်အတူ ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အောက်တိုဘာ ၂၇ ရက်က မိုးရေချိန် ၂ ဒသမ ၄၇ လက်မ ရွာသွန်းခဲ့ပြီး ဆင်သေချောင်းတွင် တောင်ကျရေများ စီးဆင်းလာမှုကြောင့် သပြေချောင်းရွှေမြို့အရှေ့ရွာကျေးရွာချင်းဆက်လမ်း၌ ဆောက်လုပ်ထားသော ပေအရှည် ၃၅၀ ရှိ သစ်သားတံတားကို ရေတိုက်စားပြီး ၁၅ ပေအရှည်၊ အခန်းလေးခန်း စုစုပေါင်း ပေ ၆၀ အရှည် ပျက်စီးသွားကြောင်း သိရသည်။ **(၄၁၇)**

ဇေယျာသီရိမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်

ဇေယျာသီရိ အောက်တိုဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ပေါင်းလောင်းချောင်း၊ ဆင်သေချောင်းတို့ ရေကြီးမှုကြောင့် အောက်တိုဘာ ၂၈ ရက်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ရာ ကျေးရွာအုပ်စု သုံးစု၊ ကျေးရွာငါးရွာ၊ နေအိမ် ၄၆၅ အိမ်ခန့်တွင် ရေအနက် ခြောက်လက်မမှ နှစ်ပေခန့်အထိ ရေများဝင်ရောက်ခဲ့သည်။

ရေဝင်ရောက်မှုကြောင့် လူ၊ တိရစ္ဆာန်၊ ပစ္စည်းများ ထိခိုက်သေဆုံးပျက်စီးမှုများ မရှိကြောင်းနှင့် နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုး **(အောက်ပုံ)**ကြီးကြပ်၍ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ဆည်မြောင်း၊ ဆောက်လုပ်ရေးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဆင်းဆည်၏ ရေပြည့်မှတ်မှာ ၄၃၉ ပေဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်အထိ ၄၂၈ ဒသမ ၁ ပေနှင့် ပေါင်းလောင်းဆည်၏ ရေပြည့်မှတ်မှာ ၆၂၃ ဒသမ ၃၅ ပေဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်အထိ ၆၂၈ ဒသမ ၄၇ ပေဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ထွေ/အုပ်)**

သဘာဝဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဖြူး

နေပြည်တော် အောက်တိုဘာ ၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရတနာ သဘာဝဓာတ်ငွေ့ စီမံကိန်း၏ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင် (Platform)အား လိုအပ်သော ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြုလုပ်ခဲ့သည်။ အောက်တိုဘာ ၂၈ ရက် နံနက် ၀၀ နာရီ ၁၀ မိနစ်တွင် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲတက်ရန် အာဆီယံနိုင်ငံများမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ်များရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်ရန်အတွက် ဘရူနိုင်းနိုင်ငံမှ ဒုတိယ (ကြည်း) တပ်ဦးစီးချုပ်ဗိုလ်မှူးကြီး Haji Zainal Ariffin Bin Dato Paduka Haji Ahmad ခေါင်းဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

အလားတူ ထိုင်းနိုင်ငံမှ ဒုတိယ (ကြည်း) တပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Udomdej Sitabutr ခေါင်းဆောင်သောအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယ (ကြည်း) တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Muhamad Munir ခေါင်းဆောင်သောအဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ် ဗိုလ်ချုပ် ESSEL C SORIANO ခေါင်းဆောင်သောအဖွဲ့နှင့် လာအိုနိုင်ငံမှ လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးကြီး Khampeiw PHIMMASONE ခေါင်းဆောင်သောအဖွဲ့တို့သည် ယနေ့ နံနက်ပိုင်းတွင် Thai Smile လေကြောင်းလိုင်းဖြင့်လည်းကောင်း**(အောက်ပုံ)**၊ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Chan Sopheaktra ခေါင်းဆောင်သောအဖွဲ့၊ စင်ကာပူနိုင်ငံမှ ဒုတိယ (ကြည်း)တပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Lim Cheng Yeow Perry ခေါင်းဆောင်သောအဖွဲ့နှင့် မလေးရှားနိုင်ငံမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Dato' Seri Panglima Haji Ahmad Hasbullah Bin Haji Mohd Nawawi ခေါင်းဆောင်သော အဖွဲ့များသည် မွန်းလွဲပိုင်းတွင် Bangkok လေကြောင်းလိုင်းဖြင့်လည်းကောင်း မန္တလေး၊ တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လူကုန်ကူးမှုအသိပညာပေး ဂီတဖျော်ဖြေပွဲကျင်းပ

ပုသိမ် အောက်တိုဘာ ၂၈

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၅ ရက်က ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (ပုသိမ်) နှင့် MTV EXIT တို့ ပူးပေါင်းကျင်းပခဲ့သည်။

ဖျော်ဖြေပွဲတွင် MTV EXIT/ World Vision /Walk Free Foundation/ILO တို့မှ လူငယ်များက အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်း၊ ပရိတ်သတ်များအား စေတနာ့ဝန်ထမ်းများက ဗဟုသုတများမေးမြန်းခြင်းတို့ ဆောင်ရွက်သည်။

အသိပညာပေး ဟောပြောမှုအဖြစ် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း World Vision (ပုသိမ်) မှ Zonal Manager ဦးစိုးကျော်ကျော်က လူကုန်ကူးခံရနိုင်သည့် အခြေအနေများရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဗီဒီယိုဇာတ်လမ်း ပြသခဲ့သည်။ တေးဂီတဖျော်ဖြေမှုအဖြစ် တေးသံရှင် ဖြိုးကြီး၊ ဖြူဖြူကျော်သိန်းနှင့် အဆိုတော်များက သီဆိုဖျော်ဖြေပြီး ပုသိမ်မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ တက်ရောက်အားပေးခဲ့ကြသည်။ **ဝင်းအောင်(ပုသိမ်)**

ဝဲကြီး ကိုယ့်အားကိုယ်ကိုးတံတား ချောင်းရေတိုက်စားမှုကြောင့် ပျက်စီး

နေပြည်တော် အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ရွာသွန်းခဲ့သော မိုးကြောင့် နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားသည် အောက်တိုဘာ ၂၇ ရက်ညပိုင်းက ချောင်းရေတိုက်စားခံရကာ ရေစီးနောက်မျောပါခဲ့ကြောင်းသိရသည်။ **(အောက်ယာပုံ)**

အဆိုပါချောင်းကူးတံတားသည် သစ်သားတံတားဖြစ်ပြီး ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသော တံတားဖြစ်သည်။ ဝဲကြီးရွာ ချောင်းကူးတံတားသည် မြို့ပေါ်ဆက်သွယ်ရာတွင် အဓိကသွားလာရပြီး တံတားပျက်စီးသွားခြင်းကြောင့် ဝဲကြီးရွာအပါအဝင် သံပရာကုန်းရွာ၊ ကျောင်းကုန်းရွာ၊ သရက်ပင်ရွာ စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာရေးနှင့် ကုန်စည်များ သယ်ဆောင်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

နေပြည်တော်တွင် အောက်တိုဘာ ၂၆ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သပြေချောင်းကျေးရွာရှိ သစ်သားဖြင့်တည်ဆောက်ထားသော ချောင်းကူးတံတား ပျက်စီးကာ ရေစီးနောက်မျောပါလာပြီး အဆိုပါ သစ်တုံး၊ သစ်ချောင်းများနှင့် ရေစီးကြောင့် ဝဲကြီးတံတားပါ ပျက်စီးရကြောင်း ဝဲကြီးကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"နှစ်စဉ် မိုးရာသီရောက်တိုင်း ဒီကိုယ့်အားကိုယ်ကိုး သစ်သားတံတားတွေဟာ ရေကြီးမှုကြောင့် ပျက်စီးခဲ့ရပါတယ်။ ဒီရေက ဆင်သေချောင်း၊ နဝင်းချောင်းနဲ့ တောင်ကျရေများကြောင့် ဖြစ်ပါတယ်။ အခြားရွာတွေမှာရှိတဲ့ သစ်သားတံတားတွေလည်း ရေစီးနောက် မျောပါလေ့ရှိပါတယ်။ အခုဝဲကြီး ချောင်းကူးတံတားဆို မနှစ်ကလည်း ရေနောက်ပါလို့ ပြန်လည်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ အခု ညနေပိုင်း တံတားတစ်စင်းလုံး ရေစီးနောက်ပါသွားတာကြောင့် ကျွန်တော်တို့ ဒေသခံပြည်သူတွေ သွားလာရေး အခက်အခဲတွေ ဖြစ်ခဲ့ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ထို့အပြင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် စပါးစိုက်တောင်သူများနှင့် ဆောင်းသီးနှံကြိုစိုက်ပျိုးထားသော တောင်သူများ၏ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုဖြစ်မည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

သတင်း-ကျော်သူဝင်း
ဓာတ်ပုံ-သက်ထက်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက်အရေးပါလှသည့် ကလေးဝ – ယာကြီး ကားလမ်းမပေါ်မှ မြစ်သာမြစ်ကူးကြိုးတံတား

ကလေး အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ တမူး၊ မော်လိုက်မြို့နယ်များ၊ အထက်ချင်းတွင်းဒေသမှ မြို့နယ်များအနေဖြင့် မုံရွာ၊ မန္တလေးမြို့ကြီးများနှင့် ကုန်စည်ပို့ဆောင်ဝယ်ယူကြရာတွင် ချင်းတွင်းမြစ်ကြောင်းမှ သင်္ဘောကြီးများ၊ ကုန်တင်အမြန်ရေယာဉ်များဖြင့်လည်းကောင်း၊ ကလေးဝ၊ သက္ကယ်ကျင်း၊ ရေဦး၊ တန့်ဆည်လမ်းများအတိုင်း ဆက်သွယ်သွားလာကြရသည်။

ယခင်က ညအိပ်ရက်ရှည်သွားရသော ကားလမ်းခရီးစဉ်ကို ယခု ချောမွေ့လျင်မြန်စွာ သွားလာနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြီးပေါ်တွင် ဆင်ဖြူရှင်တံတားနှင့် ချင်းတွင်းတံတား(မုံရွာ)၊ မြစ်သာမြစ် ကြိုးတံတား(ကလေးဝ)တို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ကလေးဝ-ယာကြီးလမ်း ၁၁၅ မိုင်ကို ယခင်အစိုးရလက်ထက်က ချင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးကဘော်လွင်ပြင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖောက်လုပ်ပေးခဲ့ပြီး နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားထားရသည့် အာရှပတ်လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ နိုင်ငံဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးအဖြစ် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးနှင့် ဆက်စပ်သောလမ်းမကြီးအဖြစ် တည်ရှိလာပေမည်။

ပြုပြင်သင့်

ခန့်မှန်းတွက်ကြည့်လျှင် ကလေးဝ-ယာကြီးလမ်းသည် အလေးထား ပြုပြင်ရမည့် လမ်းဖြစ်သည်။ "ကလေးဝ-ရေဦး-တန့်ဆည်-မုံရွာ ချင်းတွင်းမြစ်တစ်ဖက်ကမ်း မဟာမြိုင်လမ်းက ၁၆၅ မိုင်ရှိတယ်၊ သဲချောင်းတွေက ပေါ်သေးတယ်၊ လမ်းကလည်း မိုင် ၅၀ ကျော်ပိုရှည်သေးတယ်၊ ဒါကြောင့် ကလေးဝ-ယာကြီးလမ်းကို အမြန်ဆုံးကောင်းမွန်ရေး ပြုပြင်သင့်ပါတယ်" ဟု ကလေးဝမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ကလေးဝ-ယာကြီးလမ်းပိုင်း ၇၅ မိုင် ၅ ဖာလုံကို အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ရန် သဘောတူညီမှုရရှိထားသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် ဆွေးနွေးချက်အရ အိန္ဒိယအစိုးရက Equipment Procurement Construction (EPC) စနစ်သစ်နှင့် တင်ဒါခေါ်ယူရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောကြားသည်။

ဆောင်ရွက်မည်

ကလေးဝ - ယာကြီးလမ်းပိုင်းသည် အိန္ဒိယနိုင်ငံ၏ အစီအစဉ်ဖြင့် အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းကို ကတ္တရာလမ်းအဖြစ် အပြီးအစီးဆောင်ရွက်ရန်စီမံချက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ငွေကျပ် သန်း ၂၀၀ လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလမ်းပိုင်းကို အိန္ဒိယအစိုးရ၏ အကူအညီဖြင့် ၂၀၁၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

အောင်မြေမဂ္ဂဇင်းအတွက် စာမူဖိတ်ခေါ်

မန္တလေး အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းမှ နှစ်စဉ်ထုတ်ဝေသည့် အောင်မြေမဂ္ဂဇင်း ၁၁ အုပ်မြောက်ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေမည်ဖြစ်ရာ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်၊ ဝတ္ထု၊ တစ်မျက်နှာဝတ္ထုတိုနှင့် အက်ဆေးများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။

ပေးပို့ရန်လိပ်စာမှာ အောင်မြေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ရုံးခန်း ၄၂ လမ်း× ၈၁ လမ်းထောင့် ရွှေဘုန်းရှိန်ရပ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီးဖြစ်သည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ဦးရာစိုး-ဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအသင်း ၀၉-၂၀၀၇၇၀၅၊ ၀၉-၂၀၂၇၁၄၀ တို့ဖြစ်သည်ဟု သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

ကျောက်မဲ၌ မိုးအဆက်မပြတ်ရွာသွန်း

ကျောက်မဲ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် မြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်စောင်းငေါင်းချောင်းမှ ရေများလျှံတက်ပြီး အမှတ်(၆) ရပ်ကွက် လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်လျက်ရှိသည်ကိုတွေ့ရသည်။

မောင်မောင်(ကျောက်မဲ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာနမှ အောက်ဖော်ပြပါ အိတ်ချိန်းစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာ ဆက်သွယ်ရေး စက်ပစ္စည်းများတင်သွင်းလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က)	192E1 Trunk Gateway & IP Transit Core Network	1 Lot
	96E1 Trunk Gateway	4 Lots
	48E1 Trunk Gateway	1 Lot
(ခ)	32E1 Trunk Gateway	1 Lot
	16E1 No.7 Trunk and Signaling Link	9 Lots
(ဂ)	32E1 Mini Trunk Gateway & Access Gateways	5 Lots
(ဃ)	၁။ 150 KVA Generator & ATS	1 No.
	၂။ Desktop/Laptop Computers	19 Nos
	၃။ လေအေးပေးစက် (3HP Floor Stand)	6 Nos
	(1.5HP Split Type)	25 Nos
	၄။ Laserjet/Inkjet Printer	2 Nos
	၅။ Internet Protocol & Interface Test Equipment	2 Sets
(င)	1 Ton Light Truck,Diesel,2003 Model	8 Nos

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ ရက် နံနက် ၉း၃၀ နာရီမှ နိုဝင်ဘာ ၆ ရက် ညနေ ၁၆း၀၀ နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား အမှတ်စဉ်(က) (ခ) (ဂ)နှင့် (င)တို့အတွက် တင်ဒါနှင့် RFP (Request for Proposal) တစ်စုံလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဃ)အတွက် တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။ (က) စက်ပစ္စည်းများ တင်သွင်းရောင်းချလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများသည် တင်ဒါပုံစံနှင့် RFP များတွင် ဖြည့်သွင်းရမည့်အချက်အလက်များ ပြည့်စုံစွာ ထည့်သွင်းလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် ၁၀၃၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၉း၃၀ နာရီမှ နိုဝင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီအတွင်း တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(ခ) တင်ဒါတင်သွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ စက်ပစ္စည်းများအား Price နှင့် Performance ယှဉ်တွဲစဉ်းစားရွေးချယ်သည့် နည်းလမ်းဖြင့် တင်ဒါစိစစ်၊ ဈေးနှုန်း စိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ တယ်လီဖုန်းအမှတ် ၀၁-၃၇၀၄၄၄၊ ၀၁-၃၇၂၄၄၄ နှင့် ၀၉-၄၅၀၁၂၃၄၅၆၊ ၀၉-၅၀၂၁၀၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဦးအောင်ကျော်သိန်း ၁၂/မဂတ(နိုင်)၀၉၁၉၈၈ ပန်ထွာဆောက်လုပ်ရေးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၉လမ်းသွယ်၊ အမှတ် ၇ နေ ဦးခင်မောင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (Block-ရန်ကုန်သစ်)၊ မြေကွက်အမှတ် (Lot-၇၄၃)ပေါ်ရှိ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၉လမ်းသွယ်၊ အမှတ် ၇၊ နှစ် ၆၀မြေငှားဂရန်အကျယ်အဝန်း (၄၀'×၆၀')မြေပေါ်တွင် တစ်ခြမ်းပေးတစ်ခြမ်းယူဆောက်လုပ်ရန်အတွက် ၂၂-၁-၂၀၁၃ရက်က ဦးအောင်ကျော်သိန်းနှင့် စာချုပ်ချုပ်ဆိုခဲ့ရာ ၁၀လနှင့် အပြီးဆောက်လုပ်ပေးမည်ဟုစာချုပ်တွင် ပါရှိသော်လည်း ပထမထပ်ကွန်ကရစ်လောင်းပြီးနောက် ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းထားသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ လုပ်ငန်းအပ်စဉ်က ပေးထားသော ဦးခင်မောင်လွင် အမည်ပေါက်ဂရန်မူရင်းနှင့် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း တစ်စောင်တို့ကို ဤကြော်ငြာပါသည့်ရက်မှ ၄၊ ၅ ရက်အတွင်း ကျွန်မ၏မိတ်ဆွေထံ လက်ရောက်ပေးအပ်ပါရန်နှင့် ဦးအောင်ကျော်သိန်းနှင့်ချုပ်ဆိုထားသော ၂၂-၁-၂၀၁၃ ရက်စွဲပါ စာချုပ်ပါ စည်းကမ်းချက်များကို ဦးအောင်ကျော်သိန်းမှ လိုက်နာခြင်းမရှိ၍ စာချုပ်မှာ ပျက်ပြယ်ပြီးဖြစ်ကြောင်း ဦးအောင်ကျော်သိန်းနှင့် အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-

ဦးခင်မောင်လွင်	**ဒေါ်နှင်းနုထွေး**	**ဒေါ်သီတာဌေး**	**ဒေါ်နီနီစိုး**
	စဉ်-၈၀၃၂	**စဉ်-၇၈၁၆**	**စဉ်-၂၃၆၆**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၁၁၈၊ ပထမထပ်(ဝဲ)၊ ၃၃လမ်း၊ (၁)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၉၀၈၇၄

အမည်ပြောင်း

ဦးကျော်လှမိုး-ဒေါ်ဇာနည်ဦးတို့၏သား မောင်သက်ဝေဖြိုး(Grade-5,B, အထက-၂၊ ကမာရွတ်)အား မောင်သစ်ထူးဟန်ဟုလည်းကောင်း၊ မောင်ဘုန်းမြတ်ကျော် (Grade-2,D, အထက-၂၊ ကမာရွတ်)အား မောင်မြတ်ထူးကျော်ဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

မောင်သစ်ထူးဟန်၊ မောင်မြတ်ထူးကျော်

သွေးသည် အသက်

ရော်ဘာခြံများသို့ အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနဖွံ့ဖြိုးရေးအဖွဲ့ လေ့လာ

သံဖြူဇရပ် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) နှင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) တို့ပူးပေါင်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မြန်မာနိုင်ငံရှိ ရော်ဘာ ခြံငယ်ရှင်များ၏ ရော်ဘာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ၍ ပြည်တွင်းပြည်ပမှ ပညာရှင်များက စာတမ်း ၁၄ စောင်ဖတ်ကြားခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးစသည်တို့မှ ရော်ဘာတောင်သူ ၈၃၁ ဦး တက်ရောက်လေ့လာဆွေးနွေးခဲ့ကြသည်။

၎င်းအဖွဲ့သည် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်ထူးနှင့် အသင်းဗဟိုအမှုဆောင်များနှင့်အတူ အောက်တိုဘာ ၂၄ ရက်မွန်းလွဲပိုင်းတွင် သံဖြူဇရပ်မြို့နယ်ရှိ ရော်ဘာမျိုးသန့်ခြံအတွင်း လေ့လာခြင်း၊ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခင်၊ မြို့နယ်ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ရွှေနှင့်အမှုဆောင်များ၊ ရော်ဘာတောင်သူများနှင့် တွေ့ဆုံ၍ မှန်ကန်ကောင်းမွန်သော အစေးလှီးစနစ်များ၊ မြေဩဇာစနစ်တကျ ရွေးချယ်အသုံးပြုခြင်းများ စသည်တို့ကို တောင်သူများအား အသိပေးဆွေးနွေးခဲ့ပြီးနောက် သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာရှိ ရေစက်ဆောင်ရော်ဘာစေးလှီးခြံသို့ သွားရောက်လေ့လာခဲ့သည်။ **(အပေါ်ပုံ)**

အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနအဖွဲ့တွင် ပြင်သစ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား အစရှိသည့် ဥရောပနှင့်အာရှ နိုင်ငံများမှ အဖွဲ့ဝင် ၁၂ ဦး လာရောက်လေ့လာဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

ဖန်းဇော်မြို့တွင် မိုးသက်လေပြင်းတိုက်ခတ်

ဖန်းဇော် အောက်တိုဘာ ၂၈

ကချင်ပြည်နယ် ဖန်းဇော်မြို့နယ်တွင် အောက်တိုဘာ ၂၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မိုးရွာ၊ မိုးခြိမ်း၊ မိုးသက်လေပြင်းကျ၍ သစ်ကိုင်းများ ကျိုးပဲ့၊ လျှပ်စစ်မီးကြိုးများ အနည်းငယ်ထိခိုက်မှုရှိခဲ့သည်။ နံနက် ၅ နာရီခန့်အထိ မိုးများစွာရွာသွန်းခဲ့၍ မိုးရေချိန် လက်မ ၃ ဒသမ ၀၃ ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးအရာရှိ ဦးလွင်ကပြောပြသည်။

မိုးသက်လေပြင်းကြောင့် ထိခိုက်မှုရှိသော လျှပ်စစ်မီးကြိုးများကို မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများက အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် မိဘပြည်သူများ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ညောင်ပင်ရပ်ကွက်အလက(၃)ရှေ့လမ်းမတွင် လျှပ်စစ်မီးကြိုးများ ပြန်လည်ပြုပြင်တပ်ဆင်ပေး၍ လျှပ်စစ်မီးများ ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

အရိပ်လည်းရ ဝန်းကျင်လှ
သစ်ပင်စိုက်ပျိုးကြ

ရမည်းသင်းမြို့ပေါ်ရပ်ကွက်အချို့ ရေကြီးရေလျှံမှုဖြစ်

ရမည်းသင်း အောက်တိုဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဗ. မ. က ရပ်ကွက် စည်ပင်သာယာလမ်းပေါ်တွင် အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့အနိမ့်ပိုင်းများတွင် ရေကြီးရေလျှံဖြစ်၍ လမ်းပေါ်တွင် ရေကျော်နေကြောင်း တွေ့ရသည်။ **(အပေါ်ပုံ)**

ရမည်းသင်းမြို့နယ်တွင် ငရုတ်စိုက်တောင်သူများ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အနည်းငယ်ပျက်စီးဆုံးရှုံးမှုများကြုံရပြီး စပါးစိုက်တောင်သူများ အောင်ရေများရမည်ဖြစ်သည့်အတွက် ဝမ်းသာကြကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

တင်ဦး (ရမည်းသင်း)

မိုးအဆက်မပြတ်ရွာသွန်း၍ ကျေးလက်လမ်းများရေကျော်

ရေတာရှည် အောက်တိုဘာ ၂၈

ရေတာရှည်မြို့နယ်တွင် နေ့စဉ်ရက်ဆက် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိ၍ တောင်ကျရေများ၊ တောရေများ ဝင်ရောက်မှုကြောင့် ဆွာမြို့နှင့် အရှေ့ဆက်စပ်သွားလာလျက်ရှိသော ကျေးလက်လမ်းများ ရေကျော်လျက်ရှိသည်။ **(အောက်ပုံ)**

နေရာဒေသ အနှံ့အပြားတွင် ရေများပြည့်လျှံလျက်ရှိပြီး ခရီးသွားလာရာတွင် အခက်အခဲများကြုံတွေ့နေရသည်ဟု ဒေသခံများက ပြောပြသည်။

ထို့အပြင် သက်လျင်စပါးများစတင် ရိတ်သိမ်းလျက်ရှိသော တောင်သူများအနေဖြင့် လုပ်ငန်းများရပ်နားထားရသည်ကို တွေ့ရသည်။ ဆွာမြို့အမှတ်(၂)ရပ်ကွက် အနိမ့်ပိုင်းရှိ နေအိမ်များ၊ ရေတာရှည်မြို့အဝင် ကျေးရွာအချို့တွင်လည်း ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဖြိုးလွင်အောင်(ရေတာရှည်)

အမြန်လမ်းမကြီးပွန်ပေါက်အတွင်း တွေ့ရှိရသည့် အမျိုးသမီးအလောင်းနှင့်ပတ်သက်၍ ရဲစခန်းအသီးသီးသို့ အကူအညီတောင်းခံ

ဖြူး အောက်တိုဘာ ၂၈

ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၁၉/၄) နှင့် (၁၁၉/၅) အကြား ပွန်ပေါက်အမှတ် (၁၂၀/၂) အတွင်းဒဏ်ရာများနှင့် ပုပ်ပွနေသည့် အမျိုးသမီးအလောင်းနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် ဖြူးအမြန်လမ်းရဲစခန်းက အောက်တိုဘာ ၂၁ ရက်တွင် ရဲစခန်းများသို့ ကူညီစုံစမ်းပေးနိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။

အမှုမှာ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီခွဲခန့်က အထက်ဖော်ပြပါနေရာတွင် ပုပ်ပွနေသော အမျိုးသမီးတစ်ဦး၏ အလောင်းကို တွေ့ရှိရကြောင်းသတင်းအရ ဖြူးအမြန်လမ်းရဲစခန်းက တာဝန်ယူ၍ ဒုရဲအုပ်ဝင်းနိုင် ဦးစီးရဲတပ်ဖွဲ့ဝင်များက အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အမည်၊ နေရပ်မသိရသော ပုပ်ပွနေသည့် အမျိုးသမီးအလောင်းကို ရင်ညွန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲလက်မောင်းထိုးသွင်းဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေကြောင်းတွေ့ရပြီး လက်ချောင်း၊ ခြေချောင်းများမှာ ပျက်စီးနေသည်ကို တွေ့ရသည်။

သတင်းဖြန့်ဝေထား

သေဆုံးသူ အမျိုးသမီးမှာ အရပ် ၅ ပေ ၃ လက်မခန့်၊ ဆံပင်နက်ပြီး ကျောအထိရှည်လျား၍ နီညိုရောင် အမျိုးသမီးရုပ်ပုံပါ တီရှပ်အကျႌ ဝတ်ဆင်ထားသည်။ နီညိုရောင်ဆွယ်တာ၊ ဒူးကပ်ဘောင်းဘီ ဝတ်ဆင်ထားပြီး အခင်းဖြစ်နေရာဝန်းကျင်မှ မိန်းမစီးအနက်ရောင် ကတ္တီပါဖိနပ်တစ်ရန်ကိုတွေ့ရှိခဲ့၍ ဖြူးအမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မြို့နယ်များရှိ ရဲစခန်းအလိုက် လူပျောက်ဆုံးမှု ရှိ မရှိ ကူညီစုံစမ်းပေးနိုင်ရန် သတင်းဖြန့်ဝေထားကြောင်း သိရသည်။

ဖြိုးလွင်အောင်(ရေတာရှည်)

အထူးလိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း

တက္ကသိုလ်များချန်ပီယံလိဂ်ပြိုင်ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် ပထမဦးစွာ လမ်းညွှန်၊ ဆွေးနွေးပေးခဲ့ပါသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ လှိုဏ်မြေပိုင်းတွင် အကောင်းဆုံးစီမံပံ့ပိုးပေးခဲ့ပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မကစားသမားများ နေထိုင်ရေး၊ ဘောလုံးကွင်းများနှင့် ဒိုင်လူကြီးများအတွက် မေတ္တာဖြင့်ကူညီပံ့ပိုးပေးခဲ့ပါသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ။ ပြိုင်ပွဲကြီးတွင် စိတ်အားထက်သန်စွာပူးပေါင်းပါဝင်ကူညီပေးခဲ့ကြသော နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်ကြီးများနှင့် ဆရာ/ဆရာမများ၊ စာမေးပွဲကာလဖြစ်သော်လည်း စာမေးပွဲကင်းလွတ်သည့် ကျောင်းသားများပါဝင်ကစားနိုင်ရေးအတွက် အကောင်းဆုံးစီစဉ်ပံ့ပိုးပေးခဲ့သည့် ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်ကြီးများနှင့် ဆရာ/ဆရာမများ၊ ပြိုင်ပွဲကာလ တစ်လျှောက်အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်မခံအရှုံးမပေးကစားခဲ့ကြပါသော ပြိုင်ပွဲဝင်တက္ကသိုလ်များမှ အားကစားသမားများနှင့် နည်းပြအဖွဲ့ဝင်များ၊ ဖွင့်ပွဲအခမ်းအနားတွင် မေတ္တာဖြင့် ပါဝင်ဆင်နွှဲခဲ့ပါသော Miss Universe Myanmar ၊ သတင်းထုတ်လွှင့်မှုနှင့် မှတ်တမ်းတင်ရိုက်ကူးရေးအတွက် အကောင်းဆုံးကူညီပံ့ပိုးပေးခဲ့ပါသော MRTV-4၊ MNTV နှင့် Exposure Studio၊ Facebook Profile Picture များပြောင်း၍သော်လည်းကောင်း၊ ကွင်းအတွင်းသို့ ကိုယ်တိုင်ကိုယ်ကျသော်လည်းကောင်း၊ တစ်ခဲနက်အင်တိုက်အားတိုက်လာရောက်အားပေးခဲ့ကြပါသော ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မကွေး)နှင့် ဆေးတက္ကသိုလ်(မကွေး)တို့မှ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ အထူးလိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ
တက္ကသိုလ်များချန်ပီယံလိဂ်ကော်မတီ

ပြည်တွင်းသတင်း

အစေ့ထုတ်ပြောင်းများလှိုင်လှိုင်ပေါ် ပြောင်းဖူးမွေးများအဝယ်လိုက်

သီပေါ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှထွက်ရှိသော အစေ့ထုတ်ပြောင်းများ လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ ပြောင်းသီးနှံ စတင်ပေါ်ချိန် စက်တင်ဘာလတွင် ပြောင်းတစ်အိတ် (၅၅ ပိဿာ) လျှင် ငွေကျပ် ၃၀၀၀၀ ဈေးပေါက်သော်လည်း ယခုအခါ နယ်ဒေသများမှ အဝင်များကာ တစ်ဖက်နိုင်ငံအနေဖြင့် ဝယ်ယူမှုအားနည်းသွားပြီး တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ ပေါက်ဈေး၌သာ ရပ်တန့်နေကြောင်း အောက်တိုဘာ ၂၇ ရက်က မြို့လယ်ရပ် သီးနှံအဝယ်ဒိုင်မှ ဒေါ်ဝေဝေလွင်က ဆိုသည်။

ပြောင်းသီးနှံဝယ်ယူမှု အနည်းငယ်အေးနေသော်လည်း ပြောင်းဖူးထိပ်မှထွက်ရှိသော အမွေးအမှင် (ပြောင်းမွေး)များကို (ဝဲပုံ)တိုင်းရင်းဆေးတိုက်ကြီးတစ်ခုမှ ဆေးဖော်စပ်ရာတွင်မရှိမဖြစ် အဓိကလိုအပ်သော ပစ္စည်းတစ်ခုအဖြစ် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဈေးဖြင့် ဝယ်ယူနေသဖြင့် ပြောင်းဈေး ငြိမ်နေသော်လည်း ပြောင်းတောင်သူများ အမှိုက်ထဲက ရွှေအဖြစ် ခုသာခံသာမှုရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

သိပ္ပံနည်းကျစိုက်ခင်း ပုလဲသွယ်စပ်မျိုးစပါးကွင်းပြပွဲကျင်းပ

မြဝတီ အောက်တိုဘာ ၂၈

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် မဲကနယ်ကျေးရွာ ဒေါ်အိငြိမ်း၏လယ်မြေတွင် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP)ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ခင်း ကွင်းပြပွဲ (Field Day) ကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မဲကနယ်၊ သဃ်န်းညီနောင်၊ ဝေ့ရှမ်း၊ ထီးဝါးပလော၊ ကော့ကော်ကျေးရွာအုပ်စုများမှ တောင်

သူလယ်သမား ၉၇ ဦး တက်ရောက်အားပေးကြပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းရီက သိပ္ပံနည်းကျစိုက်နည်းစနစ်(GAP)ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး စံပြစိုက်ခင်းကို လယ်သမားများ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင်စိုက်ပျိုးရေး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၂၅၀၀-၆၁၃၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၂၄၀၀-၆၁၃၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၈-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၅ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၅၀-၃၆၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၀၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀-၁၅၁၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၈၀၀-၁၂၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၀၀-၅၃၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၁၅၀-၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၄၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၇၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ထိုင်းနိုင်ငံသားဧည့်သည် ၉၆ ဦးပါ ယာဉ်တန်း မြဝတီမြို့သို့ရောက်ရှိ

မြဝတီ အောက်တိုဘာ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ထိုင်းနိုင်ငံအခြေစိုက် Trans Asia Route Co., Ltd. ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် ၉၆ ဦးနှင့် မော်တော်ယာဉ် ၂၆ စီးပါဝင်သော မော်တော်ယာဉ်တန်း ခရီးစဉ်သည် အောက်တိုဘာ ၂၈ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြဝတီမြို့သို့ ရောက်ရှိလာခဲ့သည်။ အဆိုပါ ယာဉ်တန်းသည် ဆက်သွယ်ဆက်ဆံရေး အရာရှိ ဒေါ်မိမိခိုင်၊ မန်နေဂျာ၊ ဧည့်လမ်းညွှန် ဒေါ်နန်းဇင်မျိုးအောင်နှင့် ဧည့်လမ်းညွှန် ဦးစိုင်းလုံကွမ်းတို့ လိုက်ပါလျက် မြဝတီ၊ မော်လမြိုင်၊ နေပြည်တော်၊ အင်းလေး၊ တောင်ကြီး၊ ပုဂံ၊ ရန်ကုန်၊ ကျိုက်ထီးရိုး၊ ဘားအံမြို့များသို့ လည်ပတ်ကာ နိုဝင်ဘာ ၄ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဧည့်သည်များကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့် အဖွဲ့ဝင်များ၊ မြဝတီချစ်ကြည်ရေးတံတား တာဝန်ခံ ဦးစိုင်းအောင်မြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြကြောင်းသိရသည်။ **နဒီမြင့်မိုရ်(မြဝတီ)**

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။
(၃) အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက်
B.A(Journalism) များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊
စာပေလက်ထောက်-၂(လစာနှုန်း ကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။
(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်နှင့်လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇) နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့် လူတွေ့မေးမြန်းခြင်းကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

မိုးယံစစ်သည် အမျိုးသမီး(ဘွဲ့ရ) ဗိုလ်လောင်းသင်တန်းဝင်ခွင့် (ဝန်ထမ်းများအတွက် သီးသန့်အချိန်ပေးမည်)

တိုက် ၁၂၇၊ အခန်း ၅၊ ရန်နိုင်လမ်းသွယ် (၅)၊ စာတိုက်မှတ်တိုင်အနီး၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၅၇၂၉၄၄၊ ၀၉-၄၉၂၃၇၁၈၄၊ ၀၉-၆၈၀၁၃၁၇

တစ်ဦးတည်း ဖြစ်ပါကြောင်း ဦးအောင်ရန်လင်း၏သမီး မကဥ္ဇနသူဇာနှင့် မခင်ဆုဇင်သန့် ၁၂/ပဘတ(နိုင်)၀၃၄၄၉၂ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း ဦးမောင်ခိုင်၏သား မောင်သိန်းနိုင် ၁၂/ဥကတ(နိုင်)၁၀၆၀၇၁အား ယနေ့မှစ၍ မောင်သိန်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သိန်းနိုင်

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၄/ဃ-၂၊ မြေကွက်တည်နေရာ အမှတ် ၁၁၉/C၊ မယ်ဇီကုန်းလမ်း၊ ၈ ရပ်ကွက် ဦးဘီ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဦးဘီထံမှ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၃၂၁/၂၈-၅-၁၉၈၁ဖြင့် ဒေါ်ခင်သန်းမြင့်နှင့် ဒေါက်တာဦးမျိုးဆက်တို့က ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ထံမှ ဒေါ်မမကြီးက အရောင်းအဝယ် စာချုပ်အမှတ် ၁၉၁/၈-၃-၁၉၈၅ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ မိခင် ဒေါ်မမကြီးနှင့် ဖခင် Lee Heng Cheong (ခ)ဦးပိန်ရိုးတို့ ကွယ်လွန်သဖြင့် ဒေါ်ရှုကြည် ၁၂/လမန(နိုင်)၁၁၁၀၄၉၊ ဒေါ်ရှုရီ ၁၂/လမန(နိုင်)၁၁၁၀၅၀နှင့် ဦးကြည်ဝမ်း ၁၂/လမန(နိုင်)၁၁၁၀၅၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံရန် ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလိုရှိသည်

အရှေ့တိုင်း အထည်အမျိုးမျိုး၊ တရုတ်စကားပြန်၊ အရောင်းဝန်ထမ်း။

ဆက်သွယ်ရန်-
ဖုန်း-၀၁-၅၀၂၄၀၆၊ ၀၉-၂၅၄၀၂၃၅၉၁



ရက်ပေါင်း ၄၂ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

စာမျက်နှာ ၆ မှ

တာဝန်ရှိသူများ၊ နည်းပြများ၊ အုပ်ချုပ်သူများကလည်း နေ့မအား၊ ညမနားကြိုးပမ်းနေကြသည်ကို ချီးကျူးဖွယ် မြင်တွေ့နေရသည်။ ထို့ပြင် ပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကိုလည်း နိုင်ငံတကာအဆင့်ထက်မနိမ့်ကျစေရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်ဦးစီးလျက် လူငယ်လူရွယ်ပေါင်းများစွာဖြင့် လေ့ကျင့်ပြင်ဆင်နေကြသည်ကိုလည်း ဂုဏ်ယူဖွယ်မြင်တွေ့ရသည်။

သောင်းသောင်းဖြဖြ အားပေးကြစို့

မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးရေးနှင့် ပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့ အဆင့်မြင့် အောင်မြင်မှုရရှိရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။ အိမ်ရှင်အဆင့်နှင့် လိုက်လျောညီထွေသော အောင်မြင်မှုမျိုးရရှိဖို့လည်း လိုအပ်သည်။ သို့သော် အားကစားသည် နေ့ချင်းညချင်းကြိုးစား၍ ရနိုင်သည့်အရာမဟုတ်သည်ကို သတိမူရမည်ဖြစ်သည်။ နှစ်ပေါင်း ၄၀ ခန့် နောက်ကျနေပြီးမှ ပြေးလိုက်ရခြင်းဖြစ်၍ မီအောင်ပင်မနည်းကြိုးစားနေရသည့် အခြေအနေကိုလည်း မျက်ခြည်မပြတ်သင့်ပေ။ အိမ်ရှင်အဖြစ် ကျင်းပရမည်ဖြစ်၍ မြန်မာအားကစားအဖွဲ့အနေဖြင့် နိုင်ငံအလိုက် အဆင့်(၁)ရရန် ရည်မှန်းချက်ထားကြိုးစားရမည်ဖြစ်သော်လည်း လက်ရှိအခြေအနေအရ နိုင်ငံအလိုက် အဆင့်(၃)သို့မဟုတ် အဆင့်(၄)ရလျှင်ပင် သင့်တော်ပြီဟုဆိုနိုင်ပါသည်။ အဆင့်(၄)ရရန်မှာ ရွှေတံဆိပ်စုစုပေါင်း ၆၀ နှင့် ၈၀ အကြားရယူနိုင်ရမည်ဖြစ်ပြီး အဆင့်(၃)ရရန်မှာ ရွှေတံဆိပ် စုစုပေါင်း ၈၀ နှင့် ၁၁၀ အကြား ရယူနိုင်ရမည်ဖြစ်သည်။ အဆင့်(၂)ရရန်မှာ ရွှေတံဆိပ် ၁၁၀ နှင့် ၁၄၀ အကြား ရယူနိုင်ရမည်ဖြစ်ပြီး အဆင့်(၁)ပထမရရန်မှာ ရွှေတံဆိပ် ၁၅၀ အထက်ရယူနိုင်ရန်လိုအပ်ပါသည်။ သို့ဖြစ်၍ လက်ရှိအခြေအနေအရ အိုးနှင့်ဆန်တန်ရုံသာမျှော်မှန်းရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပြည်သူများအနေဖြင့် ကြုံတောင့်ကြုံခဲအိမ်ရှင်အဖြစ်ကျင်းပရသည့် ယခု လာမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေစွာဆက်ဆံမှု၊ လိုက်လျောစွာ ကြိုဆိုမှုတို့နှင့်အတူ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက်လည်းကောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက်လည်းကောင်း၊ မြန်မာအားကစားသမားများ အောင်မြင်မှုသရဖူဆောင်းနိုင်ရေးအတွက်လည်းကောင်း စည်းကမ်းရှိရှိ သောင်းသောင်းဖြဖြ အားပေးကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာဝူရှူးအားကစားသမားများ အောင်မြင်မှုအစဉ်အလာကောင်းများ ဆက်ထိန်းမည်

နေပြည်တော် အောက်တိုဘာ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ဝူရှူး အားကစားနည်းသည်လည်း ဆုတံဆိပ် မျှော်မှန်းနိုင်သည့် အားကစားနည်းဖြစ်ကြောင်း၊ ယခုအခါ ဆန်ခါတင် အားကစားသမားများကို ရွေးချယ်ပြီး အပြင်းအထန်လေ့ကျင့်နေပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်မှ နည်းပြချုပ်ဦးခင်စိုးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီဆီးဂိမ်းပြိုင်ပွဲကြီးမှာ မြန်မာဝူရှူးအားကစားသမားများ အနေနဲ့ အောင်နိုင်ဆုများ ဆွတ်ခူးနိုင်ဖို့ အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်ပါတယ်။ ဝူရှူးအားကစားနည်းဟာ မြန်မာနိုင်ငံက ကမ္ဘာ့အဆင့်အထိ တက်လှမ်းပြီး ဆုတွေဆွတ်ခူးခဲ့တဲ့ အစဉ်အလာတွေရှိပါတယ်။ ဒီအစဉ်အလာကောင်းတွေကို လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ အိမ်ရှင်ပီပီပြန်လည်ဖော်ထုတ်ရယူဖို့ ကြိုးစားနေပါတယ်။ ယခုအခါမှာ ဒီပြိုင်ပွဲကြီးအတွက် အမျိုးသား၊ အမျိုးသမီး ဝူရှူးအားကစားသမား ၁၈ ဦး ရွေးချယ်လေ့ကျင့်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ ဝူရှူးအားကစားအဖွဲ့သည် ထောက်လု အားကစားနည်းအတွက် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ငါးဦး၊ ဆန်းဆို(အတိုက်)ပြိုင်ပွဲအတွက် အမျိုးသား သုံးဦး၊ အမျိုးသမီးနှစ်ဦး ရွေးချယ် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ အဆိုပါ မြန်မာဝူရှူးအားကစားသမားများအား မြန်မာနည်းပြများ အပြင် တရုတ်နည်းပြများဖြင့်လည်း လေ့ကျင့်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူး အားကစားပြိုင်ပွဲများကို ဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းအားကစားရုံကြီးသည် ကြီးကျယ်ခမ်းနားလှပြီး ဝူရှူးပရိသတ်များအနေဖြင့် လေအေးပေးစက်များ တပ်ဆင်ထား၍ အဆင့်မြင့်မြင့် ကြည့်ရှုအားပေးနိုင်ကြမည် ဖြစ်သည်။ ဝူရှူးအားကစားနည်းသည် မြန်မာအားကစားသမားများအတွက် အောင်မြင်မှုအစဉ်အလာများရှိခဲ့၍ မိမိမြေ မိမိပရိသတ်ရှေ့မှောက်တွင် အောင်နိုင်ဆုများ ပိုမိုဆွတ်ခူးနိုင်မည်ဟု မျှော်လင့်ရပါသည်။

မောင်ရွှေရိုး

မြန်မာဝူရှူးအားကစား ပြိုင်ပွဲဝင် အမျိုးသမီးတစ်ဦး၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နိုင်ငံတကာအားကစားသတင်း

အာစင်ဝင်းဂါးနဲ့ မော်ရင်ဟိုတို့ အားပြိုင်ပွဲ

ပွဲကောင်းတွေနဲ့ ညစဉ်ဖြတ်သန်းနေရတဲ့ ညချမ်းတွေမှာ ကက်ပီတယ်ဝမ်းပွဲစဉ်တွေကလည်း အောက်တိုဘာ ၂၉ ရက် နံနက်မှာ ကြားဖြတ်အသုံးတော်ခံပါဦးမယ်။ ဒီပွဲစဉ်တွေမှာလည်း အာဆင်နယ်နဲ့ ချယ်လ်ဆီး၊ မန်ယူနဲ့နော့ဝှစ်ချ်တို့က ရသစုံပေးပါဦးမယ်။ ပြတ်သားတဲ့ရလဒ်အတွက် ဒီပွဲစဉ်ဟာ ပယ်နယ်တီအထိ ဆုံးဖြတ်ရမှာမို့ ရင်ခုန်စရာတော့ ကောင်းနေတာအမှန်ပါပဲ။

အာဆင်နယ်နှင့် ချယ်လ်ဆီး

လက်ရှိခြေစွမ်းတွေအရ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမှာ သေချာပါတယ်။ ခြေစွမ်းတက်နေတဲ့ အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာ ထိပ်ဆုံးက ရပ်တည်နေပေမယ့် ဒေ့ါမွန်ကို အိမ်ကွင်းမှာ ပူပူနွေးနွေးရှုံးထားတာမို့ သံသယဝင်စရာတော့ ကောင်းနေပါတယ်။

ဒီပွဲဟာ နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ဖြစ်တာမို့ ချယ်လ်ဆီးတို့က အမာခံကစားသမားတွေ အစုံအလင်နဲ့ ချီတက်လာပါလိမ့်မယ်။ မော်ရင်ဟိုဟာ အာစင်ဝင်းဂါးရဲ့ အထာကို သိရှိနေသူမို့ ဘယ်လိုအခင်းအကျင်းနဲ့ ပွဲထွက်ရင် ကျော်ဖြတ်နိုင်မလဲဆိုတာ သိရှိနေသူဖြစ်ပါတယ်။ ကွင်းလယ်ကိုဗဟိုပြုမယ့် အာဆင်နယ်နဲ့ ရှေ့၊ လယ်၊ နောက်ပါဝါမျှနေတဲ့ ချယ်လ်ဆီးတို့ပွဲမှာ အကြိုက်က အိမ်ရှင်ဖြစ်ပေမယ့် ယုံကြည်ရမှာက ချယ်လ်ဆီးပါပဲ။

မန်ယူနှင့် နော့ဝှစ်ချ်

အဆုံးအဖြတ်ပွဲစဉ်မှာ နော့ဝှစ်ချ်တို့နဲ့ဆုံတာ မန်ယူတို့ ကံကောင်းတဲ့အချက်ပါပဲ။ နောက်တစ်ဆင့်တက်ဖို့ ဆုံးဖြတ်တဲ့ပွဲစဉ်မှာ နည်းပြမိုယက်စ် အကောင်းဆုံးပုံစံနဲ့ ဗျူဟာခင်းကျင်းပါလိမ့်မယ်။ လက်ရှိအခြေအနေအရ ပြိုင်ဘက်တွေ အကျပ်အတည်းတွေ့နေချိန်မှာ ဖလားတစ်လုံးအတွက် ရှေ့တစ်လှမ်းတိုးနိုင်ဖို့ မန်ယူခြေကုန်ထုတ်ပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲရလဒ်ကောင်းဟာ မန်ယူအတွက်လို့ သတ်မှတ်ရမှာပါ။

နယူးကာဆယ်နှင့် မန်စီးတီး

အိမ်ကွင်းမှာ လီဗာပူးကို နှစ်ဂိုးစီသရေပွဲရအောင် ကစားထားနိုင်တဲ့ နယူးကာဆယ်ကို မန်စီးတီးတို့ လျှော့တွက်ရင် နောင်တရစရာ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် လက်ရှိနယူးကာဆယ်ရဲ့ခြေစွမ်းက အတက်အကျဖြစ်နေသလိုမန်စီးတီးကလည်း အဝေးကွင်းမှာ စိတ်ပျက်စရာလုပ်တတ်ပါတယ်။ ပြတ်သားတဲ့ရလဒ်အထိ ချီတက်ရမယ့် ဒီတိုက်ပွဲမှာ မန်စီးတီးကို မျှော်လင့်ချက်ထားချင်ပါတယ်။

မိုးမြင့်လင်းလက်

ဥရောပ ပြည်တွင်းလိဂ်ဖလား ပွဲစဉ်များ

သီဟ

ကက်ပီတယ်ဝမ်းဖလား ပွဲစဉ်-၄		အောက်တိုဘာ ၃၀	
အာဆင်နယ်	-	ချယ်လ်ဆီး	နံနက် ၂း၁၅
ဘာမင်ဂမ်	-	**စတုတ်စီးတီး**	နံနက် ၂း၁၅
ဘန်လေ	-	ဝက်စ်ဟမ်း	နံနက် ၂း၁၅
လက်စတာ	-	ဖူလ်ဟမ်	နံနက် ၂း၁၅
မန်ယူ	-	နော့ဝှစ်ချ်	နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၁၁		အောက်တိုဘာ ၃၀	
အက်စ်ပန်ညို	-	မာလာဂါ	နံနက် ၁း၃၀ (ယခင်နှစ် ၀-၀)
ဆဲလ်တာဗီဂို	-	**ဘာစီလိုနာ**	နံနက် ၃း၃၀ (ယခင်နှစ် ၂-၂)
အီတလီစီးရီးအေ ပွဲစဉ်-၁၀		အောက်တိုဘာ ၃၀	
အတ္တလန်တာ	-	အင်တာမီလန်	နံနက် ၂း၁၅ (ယခင်နှစ် ၃-၂)

• • • • • • • • • • • • • • • • • • • •

အက်စ်ပန်ညို Vs မာလာဂါ

အက်စ်ပန်ညိုတို့ပွဲစဉ်-၁၀အပြီး ရမှတ် ၁၄မှတ်နဲ့ အဆင့် ၈မှာရပ်တည်နေပြီး လာလီဂါ နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ဒီရာသီအစမှာ ခြေမှန်နေတယ်လို့ ဆိုရမှာပါ။ မာလာဂါကတော့ အဆင့် ၁၆မှာရှိနေပြီး အဝေးကွင်း ငါးပွဲမှာ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ မနှစ်က ခြေစွမ်းကိုမရသေးဘဲ ဒီရာသီမှာ ဆိုးဆိုးရွားရွား ရလဒ်တွေနဲ့ ကြုံတွေ့နေရပါတယ်။ နှစ်သင်းလုံးပွဲဆက်တွေများပြီး ပွဲပန်းနေပေမယ့် ရာသီအစကတည်းက ခြေပုံမှန်ရှိနေတဲ့ အက်စ်ပန်ညို အနည်းဆုံးတစ်မှတ်ရယူပြီး အိမ်ရှင်အခွင့်အရေးနဲ့ သုံးမှတ်အပြည့်ရအောင်ကြိုးစားမှာပါ။

မြန်မာနိုင်ငံဆရာဝန်အသင်း

ရန်ကုန်တိုင်းဒေသကြီးအသင်းသူအသင်းသားများသိသာပါရန်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်။

၁။ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အသင်းကြီး၏ရေရှည်အကျိုးစီးပွားအတွက် အမှန်တကယ်ဆောင်ရွက်ပေးနိုင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန် အတွက် ဒီမိုကရေစီနည်းလမ်းကျသော ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းအတည်ပြုပြီးဖြစ်ပါသည်။

၃။ လုပ်ထုံးလုပ်နည်းများအရ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်၍ တရားမျှတသောရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုသောပုဂ္ဂိုလ်များသည် လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသောအသင်းဝင်များသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသည့် အရည်အချင်း သတ်မှတ်ချက်များ ပြည့်စုံရန် လိုအပ်ပြီးကော်မတီမှ စိစစ်လက်ခံအတည်ပြုပေးမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နှစ်ပတ်လည်အစည်းအဝေးကြီးသို့ အသင်းသူအသင်းသားများအနေဖြင့် မိမိ၏အသင်းဝင်မှတ်ပုံတင်အမှတ်ဖြင့် လည်းကောင်း၊ အရွေးချယ်ခံယူမည့်သူများအနေဖြင့်ရွေးချယ်ခံယူလိုကြောင်း ဆန္ဒပြုလွှာကို ကော်မတီမှ ထုတ်ယူ၍လည်းကောင်း ယခုကြော်ငြာသည့်အချိန်မှစ၍ ကြိုတင်စာရင်းသွင်း မှတ်ပုံတင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

၆။ ဖွဲ့စည်းပုံစည်းမျဉ်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအများစု၏ ထောက်ခံမဲရရှိသူများကိုသာ အလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ကော်မတီမှ ထုတ်ပြန်ကြေညာသွားမည်။

၇။ စာရင်းဇယားများအကြားမှန်ကန်မှုရှိစေရန်အတွက်ကော်မတီမှ စိစစ်အတည်ပြုနိုင်ရန် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့နောက်ဆုံးထား၍ အမှတ် (၂၄၉) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရုံးခန်း၌ မှတ်ပုံတင်ကြရန်ဖြစ်ပါသည်။ (၁. ၂၅ လတ်တလောလည်း ဓာတ်ပုံ ၂ပုံ လိုအပ်မည်ဖြစ်ပါသည်)

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)

အက်သလက်တီကို ဘာစီလိုနာ နောက်မှကပ်လိုက်

စပိန်လာလီဂါတွင် အက်သလက်တီကိုက ဘက်တစ်ကို ငါးဂိုးပြတ်သွင်းပြီး ထိပ်ဆုံးရောက် ဘာစီလိုနာနောက်မှ ကပ်လိုက်လာသည်။ အက်သလက်တီကိုအသင်းသည် စပိန်လာလီဂါတွင် ၁၀ပွဲကစား ကိုးပွဲအနိုင်ရထားသည်။ ထိပ်ဆုံးရောက် ဘာစီလိုနာနောက်မှ တစ်မှတ်ခွာ၍ လိုက်နေသည်။ သို့သော် ဘာစီလိုနာက ပြိုင်ဘက်ရီးရဲမက်ဒရစ်ကို ငါးမှတ်ဖြတ်ထားသည်။

ဗီလာရီးရဲက ဗလင်စီယာကို လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ရာသီအစကောင်းမှုကို ဆက်ထိန်းထားသည်။ ရီးရဲဆိုစီဒက်က အယ်မာရီယာကို သုံးဂိုးပြတ်နိုင်လိုက်၍ ဇယားတစ်ဝက်သို့ ခုန်တက်လာသည်။

ဆီရီနာဝီလျံ WTA ဖလားဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံသည် အစ္စတန်ဘူလ်၌ ကျင်းပသော WTA ချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် လီနာကို ၂-၆၊ ၆-၃၊ ၆-၀ဖြင့် အနိုင်ရခဲ့သည်။ တရုတ်မှ ကမ္ဘာ့နံပါတ်-၃အဆင့်ရှိ လီနာသည် ပထမပွဲငယ်တွင် အနိုင်ရလိုက်သော်လည်း ဆီရီနာဝီလျံက ပြန်လည်ချေပခဲ့သဖြင့် ဖလားနှင့်ကပ်လွဲသွားသည်။ ဆီရီနာဝီလျံသည် အဆိုပါဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ယခုနှစ်အတွင်း ၁၁လုံးမြောက် ဖလားဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။ ၄င်းသည် ယင်းပွဲတွင် အချိန် ၂ နာရီနှင့် ၉ မိနစ်ကြာ ကစားခဲ့သည်။ ၄င်းသည် ယခုနှစ်အတွင်း ၈၂ ပွဲတွင် ၇၈ပွဲ အနိုင်ကစားနိုင်ခဲ့သည်။ ဆီရီနာသည် WTA ဖလားကို ၂၀၀၇ ခုနှစ်က ဂျပ်စတင် ဟေနင်ပြီးနောက် ပထမဆုံးသော လေးလုံးမြောက် ဆွတ်ခူးနိုင်သူဖြစ်လာသည်။

တောရက်စ်ဂိုးကြောင့် မန်စီးတီး ရှုံးပွဲကြုံ

ပရီမီယာလိဂ်ပွဲစဉ် (၉) လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တောရက်စ်၏ နောက်ကျဂိုးဖြင့် ချယ်လ်ဆီးတို့ အနိုင်ရရှိသွားသည်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို စချာလီကပွဲစပြီး ၃၃ မိနစ်အကြာတွင်သွင်းယူခဲ့သည်။ ယင်းဂိုးကို မန်စီးတီးတိုက်စစ်မှူးအဂူရိုက ပြန်လည်ချေပခဲ့သည်။

မန်စီးတီးတို့ အဝေးကွင်းတစ်မှတ်ရအောင် ကြိုးစားနေချိန် တောရက်စ်က လေလွင့်ချိန် ဂိုးသွင်းယူလိုက်၍ အရှုံးဖြင့်ရင်ဆိုင်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

မင်္ဂလာဦးဆုမွန်လွှာ

မောင်မျိုးမြင့်အောင် Managing Director, New Wave Co., Ltd. Vice Chairman (Asia Sun Group of Companies) နှင့် မသက်သက်မွန် 2nd Years, B.Sc (Hons:), Accounting & Finance (Singapore Institute of Management) တို့၏ ၂၈-၁၀-၂၀၁၃ ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ချစ်ခရီးလမ်း လျှောက်လှမ်းနိုင်ပါ စေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

သစ်အချောထည်စက်ရုံ(ဘုရားကြီး)မှ ဝန်ထမ်းများ

သမိုင်းဝင်ရှားပါးသွေ့သမင်များ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေး လိုအပ်ပြီ

မြန်မာ့ပတ်ဝန်းကျင်နှင့် သစ်တော ဘက်ဆိုင်ရာ အာဏာပိုင်များက သမင်လိုက်မုဆိုးများကြောင့် ရှားပါး သွေ့သမင်မျိုးပြုန်းတီးခြင်း အန္တရာယ်မှကာကွယ်ဖို့ လူထုကို ပူးပေါင်းဆောင်ရွက်ရန် တရားဝင် တိုက်တွန်းမှုများကိုဆောင်ရွက်သည်။

မြန်မာပြည်အထက်ပိုင်း ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် သွေ့သမင်အမျိုးအစားကောင်ရေ ၁၀၀၀ မျှရှိပါသည်။ ချပ်သင်းဘေးမဲ့တောမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ချပ်သင်းကျေးရွာနှင့် ကောလင်းမြို့နယ် ဆင်ခေါင်းကျေးရွာအနီးတွင် အကျယ်၂၆၀၀၀ ဟက်တာမျှရှိကာ အိမ်ခြေ ၄၀၀၀ မျှရှိပြီး ကျေးရွာ ၂၈ ရွာ ပါဝင်သည်။ ဘေးမဲ့တောမှ သွေ့သမင်များသည် တောလိုက်မုဆိုးများ၏ သတ်ဖြတ်မှုဒဏ်ကို အမြဲခံနေကြရသည်။

ချပ်သင်း ဘေးမဲ့တောသည် ကန့်ဘလူမြို့နယ် ချပ်သင်းရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ကောလင်းမြို့နယ်မှ ၁၀ မိုင်ခန့်အကွာ ကောလင်းနှင့်ကန့်ဘလူမြို့နယ် နှစ်ခုစပ်ကြားတွင် တည်ရှိသည်။

အဆိုပါ ချပ်သင်းဘေးမဲ့တောကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ တည်ထောင်ထားကာ သစ်တောကြီးဝိုင်း ၆၆၂၇၃ ဧကရှိပြီး ကမ္ဘာပေါ်တွင် မြန်မာပြည်၌သာရှိသော သွေ့သမင်မျိုး ကောင်ရေ၁၀၀၀ ကျော်ခန့် ထိန်းသိမ်းထားရာ ဘူမိနက်သန် နေရာဖြစ်သည်။

သဘာဝ သစ်တောထိန်းသိမ်းမှုကို နိုင်ငံတော်က စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသား တောမုဆိုးများ၏ လက်ချက်ကြောင့် သွေ့သမင်များစွာ သေဆုံးခဲ့ကြရသည်။ ၁၉၉၅-၉၆ ခုနှစ်ဝန်းကျင်က နိုင်ငံတော်မှ မွေးမြူစောင့်ရှောက်ကာကွယ်ထားသော သွေ့သမင် ၃၀၀၀ခန့်သည် ယခုအခါ ကိန်းဂဏန်းလျော့နည်းသွားလေပြီ။

အဆိုပါ ဘေးမဲ့တောတွင် မြန်မာသွေ့သမင်၊ ချေ၊ တောဝက်၊ တောကြောင်၊ ကြောင်မြင်း၊ သစ်ကြောင်များ၊ နို့တိုက်သတ္တဝါ ၃၆၀ မျိုးခန့်၊ ငှက်မျိုးစိတ် ၁၂၃၅မျိုး၊ တွားသွားသတ္တဝါ ၃၆၀ မျိုးခန့်ကို ထိန်းသိမ်းထားခဲ့သည်။

ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့သွေ့သမင်များသည် အုပ်စုဖွဲ့နေထိုင်ကြကာ မြန်မာသွေ့သမင်များ၏ ပျမ်းမျှသက်တမ်းအနှစ် ၂၀ ဖြစ်ပြီး သွေ့သမင်တစ်ကောင်သည် အမြင့် ၁ ဒသမ ၅ မီတာအထိရှိသည်။ တောလိုက်မုဆိုးများ၏ နှစ်စဉ် သတ်ဖြတ်မှုကြောင့် ဆုံးရှုံးသေပျောက်မှု ၃၀ ရာခိုင်နှုန်း ခန့်ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြရသည်။

သဘာဝပေါက်ပင်များကို အမှီပြုလျက် အသက်ရှင်နေကြသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရန် လူသားတိုင်းက ထိန်းသိမ်းကြရပေမည်။ အမိနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၃ ခုသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တော၊ စစ်ကိုင်းတိုင်းဒေသကြီး ချပ်သင်းဘေးမဲ့တောများပါဝင်သည်။

ကမ္ဘာပေါ်၌ ရှားပါးစပြုလာသော သွေ့သမင်မျိုးစိတ်သည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာရှိသည်။ သွေ့သမင်မျိုးစိတ်သည် မြန်မာလူမျိုးစုနှင့်အနေဝေးကြသည့် သတ္တဝါများမဟုတ်။ ကျွန်ုပ်တို့ငယ်စဉ်က ဦးဩဘာသ၏ ဇာတ်ကြီး ဆယ်ဘွဲ့၊ သုဝဏ္ဏသာမ ဇာတ်တော်၌ သွေ့သမင်များပျော်ပါးရာ မိဂဒါဝုန် တောမှ ဇာတ်ကောင် အလောင်းတော် သုဝဏ္ဏသျှန်၏သွေ့သမင်၊ မြန်မာရာမယဏ ဇာတ်တော်မှ သွေ့သမင်တို့ကား အဓိကကျသော ဇာတ်ရုပ်အဖြစ် မြန်မာစာဖတ်ပရိသတ် အသိဝယ် ထင်ရှားခဲ့သည်။

၁၉၄၀ ပြည့်နှစ် ရွှေစက်တော်ဘေးမဲ့တော၌ သွေ့သမင်ထိန်းသိမ်းစောင့်ရှောက်မှု ၅၅၂ ဒသမ ၇ စတုရန်းကီလိုမီတာကျယ်ဝန်းသည်။ ၁၉၄၁ ခုနှစ်တွင် ကန့်ဘလူနှင့် ကောလင်းမြို့နယ်စပ် ချပ်သင်းကျေးရွာတွင် ၂၆၅ ဒသမ ၃၆ စတုရန်းကီလိုမီတာကျယ်သည်။

ရွှေစက်တော်နှင့် ချပ်သင်းဘေးမဲ့တောများသည် အပူပိုင်းဒေသကုန်းတွင်းပိုင်းဖြစ်သည်။ပေါက်ရောက်ပင်၊ ရာသီဥတုပေါ်တွင်မှီနေသော မြန်မာသွေ့ သမင်များသည် နှစ်ပေါင်း၃၀၀၀ကျော်ကပင် အမိနိုင်ငံတော်၌ အသက် ထင်ရှားတွေ့မြင်ရခြင်းက ကံအလွန်ကောင်းသည်ဟူ၍ ဆိုရပေမည်။

မြန်မာ့သွေ့သမင်ကို သိပ္ပံအမြင်ရှုထောင့်မှ လေ့လာရာတွင် Cervus eldithamin မျိုးနွယ်ဖြစ်သည်။ နို့တိုက်သတ္တဝါမျိုးစိတ်တွင် ခွာစုံမျိုးစိတ် Artiodactyla ထဲတွင် ပါဝင်၍ Cervidae ဖြစ်သည်။

သွေ့သမင်များ ကျက်စားသောဧရိယာမှာ အင်တိုင်းတော၊ တောပြုတ်တော၊ ဆူးချုံတောနှင့် ရွက်ပြတ်တောခြောက်များဖြစ်သည်။ သွေ့သမင် တစ်ကောင်၏ ဦးခေါင်းနှင့်ခန္ဓာကိုယ်အရှည်မှာ ၅၉ လက်မမှ ၆၆ လက်မအထိရှည်သည်။ ပခုံးအမြင့်က လက်မ ၄၀မှ ၄၆ လက်မအထိရှိသည်။ အမြီး အရှည်မှာ ရှစ်လက်မခွဲမှ ၁၀လက်မခန့်အထိရှိသည်။ ကိုယ်အလေးချိန်မှာ ပေါင် ၁၉၀မှ ပေါင် ၃၀၀ ခန့်အထိရှိသည်။ သွေ့သမင်တို့မိတ်လိုက်ရာသီက နှစ်စဉ် ဖေဖော်ဝါရီလမှ ဧပြီလအတွင်းဖြစ်သည်။ အမများ ဖီးလွယ်ချိန်မှာ ရှစ်လခန့်ဖြစ်သည်။ တစ်ကြိမ်မွေးလျှင် တစ်ကောင်သာပေါက်ဖွားသည်။

အလေးထားဆောင်ရွက်

သွေ့သမင်များမှာ သီးရွက်စားသတ္တဝါဖြစ်၍ မြက်၊ သစ်ရွက်၊ အသီးကြွေများစားကြသည်။ သဘာဝဆားကျင်းများမှ ဆားကိုစားသုံးကြသည်။ သွေ့သမင်အဖိုများသည် မိတ်လိုက်ချိန်တွင် အထီး အမ အုပ်စုဖွဲ့လေ့ရှိပြီး အခြားအချိန်များ၌ တစ်ကောင်တည်းသာနေကြသည်။ သွေ့သမင်အမများထက် အဖိုများက ပို၍ ရေစိမ်၊ ရွှံ့လူးလေ့ရှိသည်။ သမင်အဖိုများသည် မိတ်လိုက်ချိန်၌ အမွေးများပိုမိုတောက်ပြောင်လာခြင်း၊ ရှည်လျားလှပလာခြင်းများ ဖြစ်လေ့ရှိသည်။ မြန်မာ့သွေ့သမင် ထိန်းသိမ်းရေးလုပ်ငန်းအောင်မြင်ပြီး အတ္တနှင့်ယှဉ်နေသော တောလိုက်မုဆိုးများ၏ ဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် အသိအမြင်တူသော ပြည်သူများက ဌာနဆိုင်ရာများနှင့် ပူးပေါင်းဖို့ရန် အချိန်ကျရောက်နေပါပြီ။ သမိုင်းဝင်ရှားပါး သွေ့သမင်များပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးကို အထူးအလေးထား ဆောင်ရွက်သင့်နေပါပြီ။ ။

ရွှေလင်းပြည့်စုံ

သန်းခေါင်စာရင်းအကြောင်း ပညာပေး ဟောပြော

ကျောက်တော် အောက်တိုဘာ ၂၈

လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ပညာပေးရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ကျောက်တော်မြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ မြို့နယ်လဝကဦးစီးမှူးဦးကိုကိုလေးက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြပြီး သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် တာဝန်ရှိသူတို့၏ မေးမြန်းချက်များအပေါ် ဖြေဆိုရမည့်အချက်များနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းဆောင်းပါးနှင့်နယ်သတင်း

ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ

ကျိုင်းတုံ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဖလား လေးခရိုင်အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းကြီး၌ ကျင်းပသည်။

ရှေးဦးစွာဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကျိုင်းတုံခရိုင်(က)အသင်းနှင့်တာချီလိတ်ခရိုင်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ကျိုင်းတုံခရိုင်(က)အသင်းက တာချီလိတ်ခရိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်နှင့် ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်တို့က ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဒိုင်လူကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများနှင့် အကောင်းဆုံးနေရာအလိုက် အားကစားသမားဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြကာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူးဦးခင်ဝင်းက ဒုတိယဆုရ တာချီလိတ်ခရိုင်အသင်းအား တစ်ဦးချင်းဆုဆွဲပြားများနှင့် ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကိုချီးမြှင့်ပေးအပ်ပြီးနောက် ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ပထမဆုရ ကျိုင်းတုံခရိုင်(က)အသင်းအား တစ်ဦးချင်းဆုဆွဲပြားများ၊ ဂုဏ်ပြုဆု ငွေကျပ်သုံးသိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

နိုင်နိုင်အောင်ဝေ

မုဒုံ သီတင်းကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲစည်ကား

ရန်ကုန် အောက်တိုဘာ ၂၈

မွန်ပြည်နယ် မုဒုံမြို့လုံးဆိုင်ရာ ဝါလကင်းလွတ်သီတင်းကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယခုနှစ်တွင် (၁၃၉)ကြိမ်မြောက်အဖြစ် သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၁၉ ရက်) နံနက် ၇ နာရီက မုဒုံမြို့ မင်းတန်းရပ်၌ နှစ်စဉ်ကျင်းပမြဲအတိုင်းကျင်းပရာ ယခင်နှစ်များကထက် ဆွမ်းလောင်းလှူမှု ပိုမိုများပြားစည်ကားကြောင်း သိရသည်။

ယခုနှစ် ဆွမ်းတော်ကြီးလောင်းလှူရာတွင် မုဒုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၈ ကျောင်းမှ သံဃာတော် ၁၇၆၆ ပါးနှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်မှ သီလရှင်ဆရာကြီး ဆရာလေးအပါး ၁၀၀ စုစုပေါင်း ရဟန်း၊ သီလရှင် ၁၈၆၆ ပါးတို့ကို မြို့ပေါ်ရပ်ကွက်တို့မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက နဝကမ္မအလှူတော်ငွေ ပဒေသာပင်နှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူခဲ့ကြသည်။

ကိုချစ်

ကျေးလက်ဒေသလျှပ်စစ်မီးနှင့်သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန်

နှိုးဆော်ခြင်း

- ငွေကိုမလို ရေသာလိုသည့် ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ပါသည်။ ရေအကျိုး (၁၀)ပါး မတောင်းဘဲ ပြည့်နိုင်ပါသည်။
- ပညာလိုလား ကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာအလင်း ဆိုလာ၊ မီးအိမ်များ လှူဒါန်းနိုင်ပါသည်။
- ရေလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ၊ မီးအလင်းလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာပွားများနိုင်ရန် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ထောက်ပံ့ကူညီ လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
- စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေးကော်မတီ

ဖုန်း-၀၆၇-၄၀၉၃၆၀၊ ၀၆၇-၄၀၈၂၇၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေအတွင်း ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အတိုင်းအတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) ၃၀၁၀'×၁၆'×၀'-၉"

(ခ) ၆၁၀'×၂၀'×၀'-၉"

(ဂ) ၁၂၉၉'×၁၂'×၀'-၄.၅"

(ဃ) ၅၀၀'×၁၆'×၀'-၄.၅"

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ** ၂၂-၁၁-၂၀၁၃ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ပထမနှစ် ဒီပလိုမာသင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဒီပလိုမာ အချိန်ပြည့်(၁)နှစ်သင်တန်း(အင်္ဂလိပ်ဘာသာ၊ အထွေထွေဘာသာဗေဒ)၊ အချိန်ပိုင်း (၄)နှစ် (တရုတ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုရီးယားဘာသာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ)သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းများကို တစ်ပတ်လျှင်(၅)ရက် (တနင်္လာနေ့မှသောကြာနေ့အထိ) အောက်ပါအတိုင်း ပို့ချပါမည်။

(က) အင်္ဂလိပ်ဘာသာနှင့်အထွေထွေဘာသာဗေဒ(အချိန်ပြည့်)သင်တန်းများကို နံနက် ၉ နာရီမှ ညနေ ၃:၂၀နာရီအထိ

(ခ) အချိန်ပိုင်းသင်တန်းများကို နံနက် ၇:၀၀နာရီမှ ၈:၅၀နာရီအထိ

၃။ သင်တန်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဂ) အထွေထွေဘာသာဗေဒသင်တန်းအတွက် နိုင်ငံတော်က အသိအမှတ်ပြုထားသော ဝိဇ္ဇာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ ဝိဇ္ဇာဘွဲ့မရသော်လည်း ဤဘာသာရပ်နှင့် ဆက်စပ်နီးနွယ်သည့်လုပ်ငန်း လုပ်ကိုင်သူများ (ဘာသာပြန်/စကားပြန်ပြုလုပ်သူများ၊ ဘာသာစကားသင်ကြားသူများ၊ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်နေသူများ) လည်း လျှောက်ထားနိုင်သည်။

(သတ်မှတ်ထားသည့် လူဦးရေပြည့်မီမှသာ ဖွင့်ပါမည်။)

၄။ သင်တန်းဝင်ခွင့်လျှောက်လွှာကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာ ၁ရက်မှ ၁၅ရက်အထိ တင်သွင်းကြရပါမည်။ သင်တန်းဝင်ခွင့်စာမေးပွဲဖြေဆိုရပါမည်။ သင်တန်းဝင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း(စာမေးပွဲဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။ (ဖုန်း-၅၁၄၃၇၁ လိုင်းခွဲ * ၈၃၀)

စန်းယုမေ

မော်ကွန်းထိန်း

ကြော်ငြာချက်

အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှကျင်းပပြုလုပ်မည့် (၁၃၇)ကြိမ်မှ (၁၄၃)ကြိမ်မြောက်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် (ခန်းမအတွင်း) ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်ထံတွင် သက်တမ်းရှိသော ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းနှင့် မိတ္တူတင်ပြ၍ ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၇-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီထက် နောက်မကျစေဘဲ ပါမောက္ခချုပ်ရုံးခန်းရှိ အိတ်ဖွင့်တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အဝေးသင်တက္ကသိုလ် ဖုန်း-၅၂၅၁၄၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ဓာတ်ပုံလုပ်ငန်းတင်ဒါအဖွဲ့

ရန်ကုန်အဝေးသင်တက္ကသိုလ်



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကလေးသူငယ်များ အာဟာရဖွံ့ဖြိုး ဉာဏ်ရည်တိုးစေရန် နွားနို့တိုက်ကျွေး

စစ်ကိုင်း အောက်တိုဘာ ၂၈

စစ်ကိုင်းမြို့နယ် စာရေးအရှေ့ရွာ၊ စာရေးအနောက်ရွာနှင့် ရွာသာယာကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲများရှိ ကလေးငယ်များအား အာဟာရဖွံ့ဖြိုးစေရန်နှင့် ဉာဏ်ရည်တိုးတက်စေရန် ရည်ရွယ်၍ အာဟာရကျွေးပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အာဟာရကျွေးပွဲသို့ ကုသိုလ်ရှင်များဖြစ်သော ရွာရင်းကျောင်းတိုက်ဆရာတော်ဦးကုမာရ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ထွေးနှင့် ကျေးရွာအုပ်စု ကျန်းမာရေးဆရာမ ဒေါ်ရီရီမြနှင့် ကျောင်းများမှ ဆရာဆရာမများက ကြီးကြပ်လျက် နွားနို့ထမင်းကို ကျောင်းသုံးကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆၅ ဦးကို တိုက်ကျွေးပြီး ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးပြီး ဉာဏ်ရည်တိုးတက်စေရန် ကျန်းမာရေးအသိပညာပေးဟောပြောကြောင်း သိရသည်။ (၂၂၅)

စာပေရေချမ်းစင်များတွင် စာအုပ်အသစ်များလဲလှယ်

ပူတာအို အောက်တိုဘာ ၂၈

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာပေရေချမ်းစင်များကို ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ၊ ခရိုင်တရားရုံး၊ မြန်မာ့စီးပွားရေးဘဏ်စသည့်လူစည်ကားရာနေရာများတွင် ဖွင့်လှစ်ထားရှိရာ အောက်တိုဘာ ၂၂ ရက်က အဆိုပါ စာပေရေချမ်းစင် သုံးခုကို စာပေရေချမ်းစင်စာစဉ်အတွဲ(၁) အမှတ်(၄)စာအုပ်အသစ်များကို ဖြည့်ဆည်းလဲလှယ်ပေးခဲ့သည်။

နံရံကပ်စာပေရေချမ်းစင်သုံးခုတွင် ပြည်သူများအလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနည်းပညာ၊ ယဉ်ကျေးမှု၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ စာအုပ်ငါးအုပ်စီကို လစဉ်တစ်လလျှင်တစ်ကြိမ် အသစ်လဲလှယ်ပေးလျက်ရှိရာ ယခုအကြိမ်သည် စတုတ္ထအကြိမ် လဲလှယ်ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တန့်ယန်းမြို့နယ် ဝိန်းမိုင်အုပ်စု၌

ရေအားလျှပ်စစ်ဖြင့်မီးလင်းပြီ

တန့်ယန်း အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ် ဝိန်းမိုင်ကျေးရွာအုပ်စု၌ ကိုယ့်အားကိုယ်ကိုး စုပေါင်းရေအားလျှပ်စစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တန့်ယန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်နှင့်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမြင့်ဆွေတို့က အမှာစကားများပြောကြားကြပြီး ဝိန်းမိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းလူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ကိုယ့်အားကိုယ်ကိုးစုပေါင်းရေအားလျှပ်စစ်မှာ ၃၀ ကီလိုဝပ်ရှိပြီး ကျပ်သိန်းပေါင်း ၄၇၀အကုန်အကျခံတည်ဆောက်ထားကာ ဝိန်းမိုင်ရွာမနှင့်ဝမ်နား၊ ပန်ကြို၊ ပန်ကော်၊ ဝမ်ကျောင်းစသည့် စုစုပေါင်းငါးရွာတို့မှ အိမ်ထောင်စု ၂၃၀ ကို လျှပ်စစ်မီးဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကူး အောက်တိုဘာ ၂၈

၂၀၁၂ ခုနှစ်က မြေလျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စဉ့်ကူးမြို့ ရွှေရပ်တော် မြတ်စွာဘုရားစေတီတော်ကြီးကိုအသစ်တစ်ဖန်ပြန်လည်မွမ်းမံတည်ဆောက်လျက်ရှိရာ မတည်အလှူရှင် မန္တလေးအခြေစိုက် Myanmar Upper Land (Culture & Travels)မှ မန်နေဂျင်း ဒါရိုက်တာ ဦးကျော်မျိုးကို ဦးဆောင်သော အလှူရှင်အဖွဲ့က တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး မူလရွှေထီးတော် အလှူရှင် စဉ့်ကူးမြို့ အမှတ် (၂)ရပ်ကွက်နေ ဒေါ်ခင်သောင်း မိသားစုက ရွှေထီးတော်အသစ်ကို လည်းကောင်း၊ ဦးသန်းမြင့်-ဒေါ်လွင်လွင်မြင့်(စိန်ရွှေတိုး)မိသားစုက တံခွန်တိုင်ကို လည်းကောင်းအသစ်တစ်ဖန် ပြန်လည်ပြုပြင်၍ တည်ဆောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့တွင် ရွှေကြီးလေးရွှေဟုခေါ်တွင်သော ရွှေမုဋ္ဌော၊ ရွှေရပ်တော်၊ ရွှေတောင်မည်းနှင့် ရွှေကူကြီးဟူ၍ ရှေးဟောင်းသမိုင်းဝင် စေတီတော်လေးဆူတို့ ပေါ်ထွန်းထင်ရှားရှိခဲ့ရာ ရွှေရပ်တော်စေတီတော်ကြီးကို ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီးက သက္ကရာဇ် ၅၇၆ ခုနှစ်တွင် တည်ထားတော်မူခဲ့ပြီး စံကားသားရပ်တော်မူဆင်းတုတော်ကို အကြောင်းပြု၍ ရွှေရပ်တော်မြတ်စွာဘုရားဟု ဘွဲ့အမည်တော် သမုတ်ခဲ့ကြောင်း သိရသည်။ ထိုစေတီတော်ကြီးကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ၁၃၀၈(၁၉၄၆)ခုနှစ်က လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှင့် ဒုတိယကမ္ဘာစစ်ဒဏ်တို့ကြောင့် စေတီတော်ကြီးနှင့်အရံစေတီတော်များ၊ သာသနိကအဆောက်အအုံများ ပြိုကျ ပျက်စီးခဲ့ရပြီး ဂေါပကအဖွဲ့နှင့်ကုသိုလ်ရှင် အများပြည်သူတို့၏ ကောင်းမှုတို့ဖြင့် ပြန်လည်ပြုပြင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ငလျင်ဒဏ်သင့် ရွှေရပ်တော်ဘုရားပြုပြင်ရေးစတင်

၂၀၁၂ခုနှစ်နိုဝင်ဘာ ၁၁ရက်က အင်အားပြင်းငလျင်ကြောင့် နောက်တစ်ဖန်ပြန်လည်၍ စိန်ဖူးတော်မြေခါ၊ ရွှေထီးတော်ယိမ်းယိုင်၊ စေတီတော်ကြီး ကိုယ်လုံးတော် ထက်အောက် နေရာအနှံ့ကွဲအက်၊ ရုပ်ပွားဆင်းတုတော်များ ကြေမွပျက်စီးခဲ့ရပြီး တံခွန်တိုင်၊ ခေါင်းလောင်းတိုင်နှင့်မုခ်ဦးများ လုံးဝပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ မတည်အလှူရှင်များက ကျပ်သိန်း ၁၆၀၊ တံခွန်တိုင်အလှူရှင်က ငွေကျပ် ၁၀ သိန်းနှင့် အခြားကုသိုလ်ရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် အသစ်တစ်ဖန် ဘက်စုံမွမ်းမံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ကျန်ရှိသော ဂန္ဓကုဋိတိုက်၊ ဓမ္မာရုံ၊ မုခ်ဦးနှင့် အရံစေတီတော်များအား အများကောင်းမှုဖြင့် ပြန်လည်တည်ဆောက်သွားမည်ဖြစ်၍ လှူဒါန်းလိုသူများ အနေဖြင့် ဖုန်း-၀၉-၄၀၂၇၂၈၃၂၁၊ ၀၉-၄၇၁၃၁၇၇၆ နှင့် ၀၉-၆၈၁၂၄၆၅ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၃၃)

ကျေးရွာအုပ်စု ၂၃နှစ်အောက် လူငယ်ဘောလုံးပြိုင်

ရေး အောက်တိုဘာ ၂၈

ရပ်ကွက်၊ ကျေးရွာအုပ်စုပွဲအသက် (၂၃နှစ်)အောက် လူငယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မွန်ပြည်နယ်ရေးမြို့ အထက(၁)ကျောင်း ဘောလုံးကွင်း၌ အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အသင်းများ သတ်မှတ်ထားသော နေရာမှ ပြန်လည်ထွက်ခွာ၍ မြို့နယ်အုပ်ချုပ်ရေးမှူးအား ချီတက်အလေးပြုသည်။

ထို့နောက် ပြိုင်ပွဲကို အုပ်စုလေးအုပ်စုမှ ပထမပွဲစဉ်အဖြစ် ရန်မျိုးအောင် လူငယ်အသင်းနှင့် ကျောင်းရွာကျေးရွာလူငယ်အသင်းတို့ယှဉ်ပြိုင်ကစားကြပြီး ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

စစ်ကိုင်း အောက်တိုဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနသည် ဒေသခံတောင်သူလယ်သမားများ၏ လူနေမှုဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား တိုင်းဒေသကြီး အစိုးရ၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် တစ်မြို့နယ်လျှင် ရေစုပ်စက် ခြောက်လုံးစီအခမဲ့ထောက်ပံ့ပေးအပ်ခြင်းနှင့်တစ်စီးလျှင် တန်ဖိုးငွေကျပ် ၁၅၁၀၀၀၀ ရှိ ဒေါင်ဖန်းလက်တွန်းထွန်စက်များ အရစ်ကျငွေချေစနစ်ဖြင့် နှစ်နှစ်သုံးရစ်ဖြင့် ရောင်းချခြင်း အခမ်းအနားကို အောက်တိုဘာ ၂၃ ရက်က ခရိုင်စက်မှုလယ်ယာဦးစီးဌာနတွင် ကျင်းပခဲ့သည်။

ယင်းသို့စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် သုံးမြို့နယ်မှ ဒေသခံတောင်သူလယ်သမားများအလွယ်အကူ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ဖြန့်ဖြူးပေးသည့်အပြင် ရောင်းချပြီး လယ်ယာသုံးစက်ကိရိယာများကို After Sale Service ပြုလုပ်ပေးခြင်း စက်ကိရိယာများကို မောင်းနှင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းစသော စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ဆင်းရဲမှုလျှော့ချရေး စီမံချက်အရ တောင်သူများအား ရေစုပ်စက်များ အခမဲ့ထောက်ပံ့

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ ဦးသောင်းမြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်ဝေ၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကို၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သုံးမြို့နယ်မှ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကိုကိုက တောင်သူလယ်သမားများကို ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ တောင်သူလယ်သမားများအား ရေစုပ်စက်များ အခမဲ့ထောက်ပံ့ရေးကို ရှင်းလင်းပြောကြားကာ တစ်မြို့နယ်လျှင် ရေစုပ်စက်ခြောက်လုံးစီထောက်ပံ့ပေးအပ်ရာ တောင်သူလယ်သမားကိုယ်စားလှယ်များက လက်ခံယူပြီး စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာမှ တောင်သူဦးစိုးဝင်းက တောင်သူလယ်သမားများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၂၂၅)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘယသကြံ့်နိလမ်း၊ အမှတ် ၇၀၅နေ
(ဒေါက်တာဦးသောင်းဝင်း)-ဒေါ်နွဲ့နွဲ့စိန်တို့၏သားငယ်

ဗိုလ်ကြီးရန်မျိုးအောင်

(M.E Shipbuilding & Ocean Engineering, S.M.T.U) (Russian)

နှင့်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ပုဂံ (၃)လမ်း၊ အမှတ် ၃၂၄၉နေ
ဗိုလ်မှူးမင်းရွှေဦး (ငြိမ်း) (ဒု-ညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်စန်းစန်းငွေတို့၏သမီး

မခိုင်စုရွှေဦး

B.Agr.Sc (Q) (ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)
(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

တို့သည် နှစ်ဖက်သောလူကြီးမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ကလေး)မှ သတင်းစာပုံနှိပ်လုပ်ငန်းအသုံးပြုပြီး စွန့်ပစ်ပစ္စည်းသုံးမျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက် (ကလေး)တွင် အခမဲ့လာရောက်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၃ရက် ၁၂:၀၀ နာရီအရောက် လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ စွန့်ပစ်ပစ္စည်းသုံးမျိုးလုံး ဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၃-၂၂၁၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက် (ကလေး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဘီးလင်းမြို့နယ်စာရင်းစစ်ရုံးတွင် အလျား ၄၈ ပေ × ပေ ၄၀၊ အမြင့် ၁၂ပေ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲတစ်ထပ်တစ်လုံး၊ ရေသန့်နှင့် လျှပ်စစ်အပါအဝင် တည်ဆောက်လိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများ ၄-၁၁-၂၀၁၃ မှ ၈-၁၁-၂၀၁၃ အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ ရုံးဖွင့်ရက်များအတွင်း မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်သည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၃ ရက် ၁၀:၀၀ နာရီမှ ၁၃:၀၀ နာရီအတွင်း မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ဖုန်း-၀၅၇-၂၄၇၃၄ သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

မြို့မ အထက၊ နွားထိုးကြီးမြို့၊ ပထမအကြိမ် အာစရိယပူဇော်ပွဲ
၁၉၅၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ
Board School မှသည် အထက အထိ/၁၉၇၃ခုနှစ်မှ ယနေ့ အထကအထိ

မြို့မကျောင်း၏ အသက် (၆၀)ပြည့် (ပင်စင်စား)ဆရာကြီး ဆရာမကြီးများအား ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ မြို့မအထက ကျောင်းဝင်းအတွင်း၌ မြို့မကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့လိုပါသဖြင့် ကန်တော့ခံကြွရောက်ပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ အာစရိယပူဇော်ပွဲတက်ရောက်မည့် ဆရာကြီးဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် အလှူတော်ငွေ ထည့်ဝင်လိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် ပန်ကြားအပ်ပါသည်။

ဦးအောင်မြင့် ဖုန်း-၀၉-၂၅၆၀၁၀၂၆၂
ဒေါ်ဇင်မာထွေး ဖုန်း-၀၉-၂၂၁၀၁၁၈
ဦးခင်မောင်အုန်း ဖုန်း-၀၉-၄၀၂၅၀၉၆၀၆
ဦးသန်းထိုက်အောင် ဖုန်း-၀၉-၃၃၀၀၇၀၆၀
ဦးညီညီထွန်း(ကိုကျော်) ဖုန်း-၀၉-၂၂၁၀၀၁၆

မြို့မ အထက ဆရာကန်တော့ပွဲအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန် နှိုးဆော်ခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ ထုတ်ပေးထားသော ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေပုဒ်မ (၁၁၉)အရ သက်တမ်းကုန်ဆုံးသောနေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။
၂။ ရေနံထွက်ပစ္စည်းသိုလှောင်ခွင့် လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၁၃ ရက်မှ ၃၁-၁၂-၂၀၁၃ရက်အတွင်း လျှောက်ထားကြရန်နှင့်ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၁၄ ရက်မှစတင်ကာ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ ၂ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါသည်။
၃။ သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရန် နှိုးဆော်အပ်ပါသည်-
(က) သတ်မှတ်ပုံစံဖြင့်လျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသောမူရင်းလိုင်စင်၊
(ဂ) သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိမှတ်တမ်းဓာတ်ပုံများ၊
(ဃ) ပတ်ဝန်းကျင်လူနေအိမ်များမှ ကန့်ကွက်ရန်မရှိကြောင်းနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်၊

စစ်ဆေးရေးဌာနခွဲ
သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း လွိုင်ကော်မြို့၌အခမဲ့ကျန်းမာရေးစောင့်ရှောက်

လွိုင်ကော် အောက်တိုဘာ ၂၈

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင်မှု၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ကျန်းမာရေးအလှူငွေပေးခြင်း ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီခွဲက လွိုင်ကော်မြို့ ကန္ဒာရဝတီဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သီတဂူ တက်လမ်း စက္ကူဒါနမျက်စိဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အများပြည်သူ ကြည်ညိုသဒ္ဒါပွားနိုင်ရေးအတွက် လွိုင်ကော်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြို့နာမ် ရွှေစေတီတော်ဝင်းအတွင်း တည်ထားမည့် ဗုဒ္ဓမြတ်စွယ်တော်ရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ဓကုဋီတိုက် တည်ဆောက်ရေးအတွက် တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ ကို ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ ဆက်လက်ပြီး ဆရာတော်အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က သြဝါဒစကားမြွက်ကြားပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းမှ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးစိုးကြည်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ထို့နောက် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးရှိန်ဝင်းတို့က ကျန်းမာရေး အခမဲ့ စောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေး

မြို့သစ် အောက်တိုဘာ ၂၈

မကွေးခရိုင် မြို့သစ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနကကြီးမှူး၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသူက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ NGO အဖွဲ့ဝင်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(iprd)**

ကလေးမြို့လမ်းဆုံတွင် ဆိုလာမီးပွိုင့်များ တပ်ဆင်ပြီးစီး

ကလေး အောက်တိုဘာ ၂၈

ကလေးမြို့လမ်းဆုံ လူစည်ကားသည့်နေရာများတွင်အဝိုင်းပတ်ရန်အတွက် ဗန္ဓုလမြင်းစီးရုပ်တုကြီး တည်ဆောက်ထားရှိခဲ့ရာမှ အဝိုင်းပတ်နေရာမှ မြို့တော်ခန်းမရှေ့သို့ အောက်တိုဘာ ၁၆ ရက်က ပြောင်းရွှေ့ထားခဲ့ပြီးနောက် ယခုအချိန်တွင် လမ်းဆုံလေးဖက်လေးတန်တွင် အဆင့်မြင့်ဆိုလာမီးပွိုင့်များ တပ်ဆင်မှုကို အောက်တိုဘာ ၂၅ ရက် ညနေပိုင်းကပြီးစီး၍ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ အဆိုပါ ဆိုလာမီးပွိုင့်များသည် မြန်မာနိုင်ငံတွင် ပထမဆုံး ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အရှေ့တောင်အာရှမှာ ထိုင်းနိုင်ငံတွင်လည်း တပ်ဆင်အသုံးပြုထားပြီဖြစ်သည်။ ကလေးမြို့တွင် လျှပ်စစ်မီးလုံလောက်စွာရရှိခြင်းမရှိသဖြင့် လျှပ်စစ်ဓာတ်အားအတွက် အဆင့်မြင့်ဆိုလာမီးစနစ် အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်။

ဆိုလာမီးပွိုင့်များ တပ်ဆင်ရာတွင် စုစုပေါင်း ငွေကျပ် ၆၁ သိန်းကျော်ကုန်ကျကြောင်း သိရသည်။ **ဂျူနိုင်း**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့်လေ့ကျင့်သရုပ်ပြပွဲကို အောက်တိုဘာ ၁၇ ရက်က အလုပ်ရုံ၌ ကျင်းပရာ ပြည်ခရိုင် မီးသတ်ဦးစီးဌာနက တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်နှင့်ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ရှိသူများက ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြစဉ်။ (၁၀၅)

ကလေး – ဂန့်ဂေါ – မန္တလေး လမ်းပိတ်၍ကုန်စည်စီးဆင်းမှု အခက်ကြုံ

“ကလေးမြို့မှ လူစီးမှန်လုံယာဉ်များနှင့်ကုန်တင်ကားကြီးများ အောက်တိုဘာ ၂၃ ရက်မှစပြီး မဝင်ကြောင်း၊ ပုံတောင်ပုံညာ အမေ့အိမ်ရွာကစပြီး ပိတ်နေရာ ကားအားလုံးစုစုပေါင်း အစီး ၁၀၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ယာကြီးလမ်းမှာ ကားလေးများ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း ခရီးသွားအချို့ထံမှ ကြားသိရသည်။

“ကလေးမြို့မှာဆိုလျှင် မန္တလေးကိုပြေးဆွဲနေသည့် ကားလိုင်းများ အနေဖြင့် ရှမ်းတောင်တန်း၊ ထွန်းတောက်၊ ရွှေသဇင်၊ ကဘော်ရွှေပြည် ရန်ကုန်နှင့် နေပြည်တော်တို့ တက်လမ်း၊ ဟိုက်ကလပ်စ်တို့ ရှိပါတယ်၊ ဂန့်ဂေါမှာဆိုလျှင်လည်း ရွှေမေတ္တာတို့ရှိပါတယ်၊ အားလုံးပိတ်မိနေကြပါတယ်။ ကလေးကို ဘာကုန်မှကို အဝင်မရှိပါဘူး။ စားကုန်သောက်ကုန်တွေမဝင်လာဘူး။ ဂျာနယ်တွေ မရောက်ဘူး”ဟု ဒေသခံတစ်ဦးက ပြောသည်။

“ဒီနှစ်မှာဆိုလျှင် ဂန့်ဂေါလမ်းက မကြာခဏပိတ်နေတာကိုတွေ့တွေ့နေရပါတယ်။ လမ်းတွေကလည်း ပြင်တော့ပြင်တယ်။ ဒါပေမယ့် တချို့နေရာတွေမှာ ဆိုးနေသေးတာကို တွေ့ရတယ်၊ ၁၂ ဘီးကားကြီးတွေ သစ်တင်ကားကြီးတွေကို ကုန်တန်ချိန် စစ်ဆေးသင့်တယ်၊ လမ်းရဲ့ခံနိုင်အားနဲ့ကုန်တင်မှု မမျှတလျှင် လမ်းတွေက ပြင်ထားပေမယ့် ရေရှည်မခံနိုင်ပါဘူး။ နိုင်ငံတော်အတွက်လည်း အများကြီးဆုံးရှုံးပါတယ်”ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

“ဂန့်ဂေါ-မန္တလေး လမ်းအရှည်သည် မိုင်အားဖြင့် ၂၀၆ မိုင်ရှိပြီး လမ်းကောင်းပါက ညနေ၅နာရီထွက်လျှင် နံနက်လင်းချိန်တွင် မန္တလေးကိုရောက်နိုင်ကြောင်း၊ ကားမောင်းချိန် ၁၂ နာရီသာ ကြာမြင့်ကြောင်း သိရသည်။

“အခုတော့ ကားတွေပိတ်လို့နေရ တာသုံးရက်ရှိပါပြီ”ဟု ဂန့်ဂေါမြို့မှ ကားဆရာတစ်ဦးက ပြောသည်။ **သျှင်နေမင်း**

ချယ်ရီမြေတွင် ဆွမ်းလောင်းလှူပွဲ

ပြင်ဦးလွင် အောက်တိုဘာ ၂၈

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) စန္ဒာလမ်းရှိ မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ ကျောင်းတိုက်ဝင်းအတွင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး ခန္ဓာဝန်ချပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သံဃာတော်များကို ဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲကို အောက်တိုဘာ ၂၃ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲတွင် မိုးကုတ်ဝိပဿနာရိပ်သာဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြုသော သံဃာတော် ၉၆၉ပါးတို့ကို ဆွမ်းလောင်းလှူခဲ့ကြပြီး သပိတ် ၉၆၉ လုံးကိုပါ တစ်ပါတည်းလှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(၄၃၂)**

စာအုပ်စာပေ လူ့မိတ်ဆွေ

နည်းပညာတက္ကသိုလ် (မော်ဘီ)၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသူ/သားဟောင်းများ၏
တတိယအကြိမ်မြောက် ဆရာကန်တော့ပွဲဖိတ်ကြားခြင်း
နေရာ - Function Hall,
09 31268183
09 31589922

ပြောင်းကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

KBZ Bank (Account No. 00730200701690301)

မှုခင်းသတင်းနှင့်ဖြစ်ရပ်များ

စီယာတိုင်လက်ကိုင်ခေါက်၍ သဲခုံပေါ်ကျော်တက်ကာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ဆိပ်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီခန့်က ဆိပ်ဖြူ-စလင်းကားလမ်း ဆိပ်ဖြူမြို့နှင့် ငါးမိုင်ခန့်အကွာ မိုင်တိုင်အမှတ် (၆၄/၇) ဖာလုံ ချင်တောင်ကျေးရွာအနီး၌ ၃က/. . . ဒိုင်နာယာဉ်မောင်းအောင်လှိုင်ဘွား မောင်းနှင်လာသောယာဉ်သည် လက်ကိုင်စီယာတိုင်ခေါက်၍ လမ်းဘေးသဲခုံပေါ်သို့ ကျော်တက်သွားရာမှ မော်တော်ယာဉ်မှာ ဝဲဘက်သို့လဲကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကို ကျေးရွာတာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ဆိပ်ဖြူမြို့နယ် မြို့မရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ကျော်ကျော်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ဇော်လင်းနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများသည် အခင်းဖြစ်ပွားရာသို့ရောက်ရှိပြီး ဒဏ်ရာရရှိသူခြောက်ဦးကို ဆိပ်ဖြူမြို့နယ်ပြည်သူ့ဆေးရုံသို့ ဝိုင်းဝန်းကူညီပို့ဆောင်ပေးခဲ့ကြသည်။ စလင်းမြို့နယ် ကန်တော်ကျေးရွာနေ မောင်နန်းအောင် (၁၉ နှစ်) နဝမတန်းကျောင်းသားသည် ဝဲဘက် ဆီးအုံ၊ ဝဲဘက်ပေါင်ရင်းတွင် လေးလက်မခန့်ပေါက်ပြဲဒဏ်ရာရရှိသဖြင့် ဆိပ်ဖြူဆေးရုံမှ မကွေးတိုင်းဒေသကြီး မကွေးမြို့ သင်ကြားရေးဆေးရုံကြီးသို့ ကုသမှုခံယူရန်လွှဲပို့ ပေးခဲ့ပြီးနောက် ည ၇ နာရီခန့်တွင် သေဆုံးသွားကြောင်းသိရသည်။ ကျန်သည့် လူနာငါးဦးကို ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်း အောင်လှိုင်ဘွား (၃၄ နှစ်)ကို ဆိပ်ဖြူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ဆိုင်ကယ် နှစ်စီးတိုက်၍ဒဏ်ရာ အနာတရဖြစ်

ပဲခူး အောက်တိုဘာ ၂၈

ပဲခူးမြို့ အမှတ်(၃)ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းမ ကျွန်းသာယာရပ်ကွက် ရွှေမေတ္တာစားသောက်ဆိုင်အနီးတွင် အောက်တိုဘာ ၂၆ ရက် ညနေ ၆နာရီက ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ဒဏ်ရာများရရှိ

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှပဲခူးဘက်သို့ ချစ်ကိုကို (ခ) ဇင်မင်းကို (၂၄နှစ်) တောင်သူစုကျေး ရွာနေသူမောင်းနှင်လာသည့် ပခ/---JLM ဆိုင်ကယ်အမည်းရောင် လိုင်စင် စိစစ်ဆဲ ဆိုင်ကယ်ကို မောင်းနှင်သည့် စည်သူမင်းနိုင်(၁၃နှစ်)(၇/၄) ရပ်ကွက် မဟာမြိုင်လမ်းနေသူသည် ၉ယ/---လော့ဂျာဆိုင်ကယ်လိုင်စင် (စိစစ်ဆဲ)က ကားလမ်းမြောက်ဘက်အခြမ်းမှ တောင်ဘက်ခြမ်းသို့ ဖြတ်ကူးစဉ် ပခ/--- ဆိုင်ကယ်ကိုဝင်တိုက်မိ၍ ချစ်ကိုကိုမှာ ဒဏ်ရာများရရှိသွားသည်။

ဒဏ်ရာရသူများအား ပဲခူးပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသမှု ခံယူလျက်ရှိပြီး ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ စည်သူမင်းနိုင်ကို ပဲခူးအမှတ် (၃)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန့်စင်

ဆေးခြောက် ၁ ဒသမ ၆၂ ကီလို ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး အမှတ် (၄၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်အရှေ့)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်) ရပ်ကွက်နေ မယဉ်နု(၃၅နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ဝင်ရောက်ရှာဖွေရာတွင် မယဉ်နု၏ နေအိမ်အိပ်ခန်းခုတင်အောက်ရှိ ပန်းရောင်ပလတ်စတစ်ပုံးအတွင်း ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားသော အလေးချိန် ၁ ဒသမ ၃၈ ကီလိုရှိ ဆေးခြောက်ဘလောက်တုံးတစ်တုံးနှင့် အလေးချိန် ၀ ဒသမ ၂၄ ကီလိုခန့်ပါ ဆေးခြောက်တစ်ထုပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မယဉ်နုကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်သူရ

ယာဉ်စက်ချွတ်ယွင်း၍ ကြမ်းတုံးခုမည်ပြုစဉ် ကားနောက်ဘီးဖြင့် ကြိတ်မိသေဆုံး

ထောက်ကြန့် အောက်တိုဘာ ၂၈

အောက်တိုဘာ၂၅ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ်အတွင်း အမျိုးသားတစ်ဦးမှာ ယာဉ်စက်ချွတ်ယွင်း၍ ကြမ်းတုံးခုမည်ပြုစဉ် ယာဉ်၏နောက်ဘီးဖြင့် ကြိတ်မိကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မင်္ဂလာဒုံမြို့နယ် ပြည်လမ်းအတိုင်း မင်္ဂလာဒုံဘက်မှ ထောက်ကြန့်ဘက်သို့ ယာဉ်မောင်း မျိုးဝင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ၂ခ/. . . . တိုယိုတာဒိုင်နာအဖြူရောင် (အုတ်/သဲ/ကျောက်တင်) ယာဉ်သည် နီလာရိုးမဆိုင်ရှေ့အရောက် စက်ချွတ်ယွင်းသဖြင့် ယာဉ်နောက်ခန်းမှ စီးနင်းလိုက်ပါလာသော ကိုကျော်လင်း အင်းစိန်မြို့နယ်နေသူမှကြမ်းတုံးခုရန် ယာဉ်ပေါ်မှဆင်းရာ အရှိန်လွန်၍ ယာဉ်အောက်သို့ ရောက်သွားပြီး ယာဉ်၏ယာဘက် နောက်ဘီးဖြင့် ဦးခေါင်း၊ ဝမ်းဗိုက်တို့ကို ကြိတ်မိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကာ ယာဉ်မောင်းမျိုးဝင်းသည် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်မောင်း မျိုးဝင်းအား ထောက်ကြန့်နယ်မြေရဲစခန်းမှ အမှုဖွင့်၍ ၄င်းကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဆိုင်ကယ်ချင်းတိုက်မိ၍ ဒဏ်ရာများရရှိ

ရေး အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီက ရေးမြို့နယ် အဘော်ကျေးရွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိုက်ခင်းအနီး ရေး-အစင်သွားကားလမ်းပေါ်၌ ရေးမြို့ဘက်မှ အစင်ကျေးရွာဘက်သို့ ကြောင်ကုတ်(ခ)ဝင်းနိုင်ထွန်း မောင်းနှင်ပြီး ဆိုင်ကယ်နောက်မှ အနိုင်၊ အောင်သန်းအေးတို့စီးလာသော ဒရင်း ၁၂၅ အပြာရောင်ဆိုင်ကယ်နှင့်အစင်ကျေးရွာမှ ရေးမြို့ဘက်သို့ စိုက်စွန်း မောင်းနှင်ပြီး ဆိုင်ကယ်နောက်မှမစန္ဒာစီးလာသော ဝေ့ဖ်-၁၀၀ အဖြူအမည်းဆိုင်ကယ်ကို တိုက်မိခဲ့သည်။ တစ်ဖက်ယာဉ်ကြောမှလာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သူ ကြောင်ကုတ် (ခ)ဝင်းနိုင်ထွန်းကို ရေးရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

လိုက်ထရပ်ကားတိုက်မှုကြောင့် သုံးဦးဒဏ်ရာရ၊ ကျပ်သိန်း ၂၀ ဖိုးဆုံးရှုံး

တောင်ငူ အောက်တိုဘာ ၂၈

ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း တောင်ငူမြို့နယ် ကျွန်းကုန်းရဲစခန်းနယ်မြေအပိုင်တွင် ယာဉ်တိုက်မှုကြောင့် လူသုံးဦးဒဏ်ရာရရှိကြပြီး ယာဉ်နှင့်ရပ်ထားသည့် ဆိုင်ကယ်ပျက်စီးသွားမှုတစ်မှု အောက်တိုဘာ ၂၁ ရက် ညက ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် ည ၇ နာရီခန့်က ရန်ကုန်-မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ် ၁၇၉/၆ နှင့် ၁၇၉/၇ အကြား တောင်ငူမြို့နယ် နှစ်ဆောင်မြိုင်ကျေးရွာအနီးတွင် တောင်မှမြောက်သို့ ယာဉ်မောင်းခင်မောင်ဝင်း (၃၁နှစ်) သပြေတန်းကျေးရွာ ရေတာရှည်မြို့နေသူ မောင်းနှင်လာသော ၈ဂ/. . လိုက်ထရပ်အဖြူရောင်ယာဉ်သည် လမ်းဆုံရှိ အုတ်ခုံကို တိုက်မိပြီး လမ်းအရှေ့ဘက်တွင် ရပ်ထားသော ၉ယ/. . . c-com ၁၁၀ အနက်ရောင်ဆိုင်ကယ်နှင့်သစ်ပင်ကိုတိုက်ပြီး ကားရှေ့ မှန်ကွဲသွားကာ ရပ်တန့်သွားသည်။

ယာဉ်တိုက်မှုကြောင့် သစ်ပင်အနီးတွင်ရပ်နေသော မပြည့်ပြည့်ဝင်း (၁၈ နှစ်) မဟင်ကျေးရွာတွင် ကားမှန်ကွဲစများထိမှန်သဖြင့် ဝဲဘက်ခြေသလုံး၊ ယာခြေထောက်ပေါက်ပြဲဒဏ်ရာများရရှိ၍ ယာဉ်မောင်း ခင်မောင်ဝင်းတွင် ဝဲဘက်နဖူးနှင့်မျက်ခုံးဖူးရောင်ပေါက်ပြဲဒဏ်ရာများရရှိသွားပြီး ယာဉ်ပေါ်ပါ ကျော်သူဝင်း (၃၁နှစ်) ကျပန်းအလုပ်သမား ရေတာရှည်မြို့နေသူတွင် ဒဏ်ရာများရရှိပြီး ယာဉ်ရှေ့မှန်နှင့်ရှေ့မီးကွဲ၍ ဘောနတ်အဖုံးပိန်ချိုင့်သွားကာ ဆိုင်ကယ်လည်း ပျက်စီးသွားကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိကြသူများအား တောင်ငူဆေးရုံကြီးသို့တင်ပို့ကုသထားရပြီး တပ်ကြပ်ကြီးမျိုးလှက တရားလိုပြုလုပ်တိုင်တန်းချက်အရ ကျွန်းကုန်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(၁၁၅)

ဆိုင်ကယ်ချင်းချိတ်မိ နောက်မှလိုက်သူ သေဆုံး

ပွင့်ဖြူ အောက်တိုဘာ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့မှ ဆည်တော်ကျေးရွာသို့ ကြက်ခြေနီ အစည်းအဝေးတက်ရောက်လာသော ရေဖြူတွင်းကျေးရွာမှ လှစိုး (၂၄ နှစ်) မောင်းနှင်သည့် ကမ်ဘိုဆိုင်ကယ် လိုင်စင်ရှိနှင့် သနဝကျေးရွာမှ မမျိုးသန္တာထွန်း စီးနင်းလာသော ယင်ဆင်းဆိုင်ကယ် ယာဉ်လိုင်စင်စိစစ်ဆဲတို့ နှစ်စီးသည်တောင်မုန်းမြောင်းမကြီးလမ်းမပေါ်တွင် ချိတ်မိရာမှ မမျိုးသန္တာထွန်း စီးနင်းလာသောဆိုင်ကယ်နောက်တွင် လိုက်ပါလာသည့် မကြည်ကြည်နု (၂၂ နှစ်)သည် ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံး သွားခဲ့သည်။

၎င်းဖြစ်စဉ်တွင် ဆိုင်ကယ်မောင်းနှင်သူ လှစိုးအား ပွင့်ဖြူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ပွင့်ဖြူ(ခင်မောင်ဌေး)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လိုင်စင်ရ ကန်ထရိုက်တာ ရွှေနန်းဆောက်လုပ်ရေးအဖွဲ့ (DG)ဦးဇော်ဝင်း၏ ၂၉-၁၀-၂၀၁၃ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံ၍ ချစ်ရသောမိသားစုနှင့်အတူ နှစ်စဉ်နှစ်တိုင်း ပို၍ပို၍ ဆတက်တိုးပွားလျှဒါန်းနိုင်ပါစေကြောင်းနှင့် အသက်ရာကျော်တိုင် နိုင်ငံအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရွှေနန်းဆောက်လုပ်ရေးအဖွဲ့ဝင်မိသားစုများ

ချစ်ဇနီး	-	ဒေါ်ယဉ်ယဉ်မြင့် (MD-ရွှေနန်းဆောက်လုပ်ရေးအဖွဲ့)
သားသမီးများ	-	ကိုမင်းစိုးလတ်-မမိုးသူဇာ၊ မြေး-ပိုလဲ့အိမ်ရွှေ ကိုထိန်လင်းစိုး-မဆုမွန်အောင်၊ မြေး-ဖိုးသဲလေး မမေသန္တာဝင်း၊ မရွှန်းလဲ့အိမ်ရွှေ
တူ၊တူမများ	-	ကိုကျော်ကျော်ဦး-မနွယ်နီဝင်း၊ မြေး-သဒ္ဒါနွယ်၊ မမူမူအောင်၊ မောင်ထက်ဝေယံ
Lucky Land ဆောက်လုပ်ရေး	-	ဦးဝင်းကြည် - ဒေါ်စန်းစန်းမော် ဒေါ်တင်တင်မြင့်(ခ)မိုးမိုး

ပျောက်ဆုံးကြောင်း

ကျွန်ုပ် မအုန်းမြင့် ၁၂/ဆကခ(နိုင်)၀၁၁၈၂၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ရန်။

ဖုန်း-၀၉-၄၂၅၀၁၅၆၅၆

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

တွဲဖက်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျိုင်းတုံမြို့၌ကျင်းပ

ကျိုင်းတုံ အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွဲဖက်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ရက် မွန်းလွဲ၂နာရီက ကျိုင်းတုံမြို့တွဲဖက်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တွဲဖက်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များက ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်သို့ လုပ်အားပေး တာဝန်သွားရောက်ဆောင်ရွက်ကြမည့် ကိစ္စရပ်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် သုံးဦးအား ထောက်ပံ့ငွေပေးရေး ကိစ္စရပ်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် အင်အားတိုးပွားမှု ရှိစေရေးအတွက် ကြက်ခြေနီသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များဝိုင်းဝန်းအကြံပြုဆွေးနွေးညှိနှိုင်းကာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် တွဲဖက်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသိရသည်။ **နိုင်နိုင်အောင်ဝေ**

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်

ကလော အောက်တိုဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၁၄ ရက်နံနက်၈နာရီမှ ၁၁ နာရီခွဲအထိ အဘိုး အဘွား၂၀၀ခန့်အား သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်လာရောက်ကြသော အဘိုး အဘွားများအား ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ဆေးဝါးများအခမဲ့ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ
လူ့မိတ်ဆွေ

မလှိုင်မြို့၌ သတင်းထုတ်ပြန်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

မလှိုင် အောက်တိုဘာ ၂၈

မလှိုင်မြို့၌ သတင်းထုတ်ပြန်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေးပွဲကို အောက်တိုဘာ ၂၂ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရွှေနန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးမောင်မောင်၊မြို့နယ်စည်ပင်အကြံပေးအဖွဲ့ဥက္ကဋ္ဌဦးသာချို၊ မြန်မာ့အလင်း၊ကြေးမုံ၊ရတနာပုံသတင်းထောက်များနှင့် သတင်းတပ်ဖွဲ့ဝင်တို့ တက်ရောက်ကြသည်။

